# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဲခူးမြစ်ရေကြီးမှုကြောင့် ယာယီရေဘေးရှောင်စခန်း ၁၃ ခု ဖွင့်လှစ်ကာ ကူညီဆောင်ရွက်



ပဲခူး ဩဂုတ် ၁၀

ပဲခူးမြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေသည် ပဲခူးမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ပြီး ရောက်ရှိနေသောကြောင့် ပဲခူးမြို့နယ်အတွင်းရှိ အနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာများသို့ ရေများဝင်ရောက်လျက်ရှိသည့်အပြင် ပဲခူးမြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်းမပေါ်သို့ ရေကျော်လျက်ရှိသည်။ (ဓါတ်ပုံ)

ရန်ကုန်-မန္တလေးကားလမ်း ရေကျော်နေသည့် ကျွန်းသာယာရပ်ကွက်၊ ခေါင်းဆေးကျွန်းနေရာ၊ မဇင်း(၁)လမ်းထိပ်နှင့် ဇိုင်း/မြောက်နှင့် ဇိုင်း/တောင် ရပ်ကွက်အကြားရှိ မင်းလမ်းမတို့တွင် ဖြတ်သန်းသွားလာနေသည့်ယာဉ်များနှင့် လူများဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအား ဇိုင်း/တောင် ရပ်ကွက် ကျောင်းသစ်ဘုန်းတော်ကြီးကျောင်း၊ ကျွန်းသာယာရပ်ကွက် မင်္ဂလာဇေယျုံကျောင်းတိုက်၊ ပုဏ္ဏားစုရပ်ကွက် အောင်ဇေယျုံတပြားဘုရားဓမ္မာရုံ၊ ကျောက်ကြီးစုရပ်ကွက် အထက(ခွဲ)(၁)၊ မြို့သစ်ရပ်ကွက် ဆုတောင်းပြည့်ဘုန်းကြီးကျောင်း၊ ဇောင်းတူကျေးရွာ သာယာကုန်း (ခရစ်ယာန်ကျောင်း)၊

စာမျက်နှာ ၃ ကော်လံ ၃ ➔

## မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆီကုန်သည်များအသင်းမှ ဆန်နှင့်ဆီများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမည်

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ကုန်သည်စက်မှုအသင်းချုပ် ညီနောင်အသင်းအဖွဲ့များ၊ ဆန်စပါးပို့ကုန်ကုမ္ပဏီများ၊ ဆန်စက်များ၊ ဆန်ကုန်သည်များစုပေါင်း၍ ဆန်ဈေးနှုန်းတည်ငြိမ်စေရန်နှင့် အခြေခံပြည်သူများအတွက် သက်သာသောဈေးနှုန်းများဖြင့် အရည်အသွေးမှန်သော ဆန်များ ရောင်းချပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် နံနက် ၉ နာရီမှ စတင်ပြီး ဧည့်မထ တစ်ပြည်ကို ငွေကျပ် ၂၅၀၀ နှုန်း၊ ရောဝတီပေါ်ဆန်း တစ်ပြည်ကို ငွေကျပ် ၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ စားအုန်းဆီ တစ်ပိဿာ ထည့်စရာဘူးပါလျှင် ငွေကျပ် ၄၄၀၀ နှုန်း၊ ထည့်စရာဘူးမပါလျှင် ငွေကျပ် ၅၄၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာလာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ ကြည်ဇေသော်


ယနေ့ *ဖတ် စ ရာ*

ဩဂုတ်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် — ပြည်တွင်းသတင်း စာ ၅

နိုင်ငံတော်ကြီး သာယာဝပြောမှု ရှိစေဖို့ ဆိုရာဝယ်... — ဆောင်းပါး စာ ၁၀

သမုဒ္ဒဂီရိမြို့၊ မိုခါမုန်တိုင်းနှင့် ပြိုင်တူတွန်းလှန် ရွှေ့နိုင်ပါသည် ( ၂ ) — ဆောင်းပါး စာ ၁၆

# ရေကြီးရေလျှံဘေးအန္တရာယ် ကြိုတင်စီမံပြင်ဆင်မှုဖြင့် ကာကွယ်

ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းခြင်းနှင့် မြေမျက်နှာသွင်ပြင်အနေအထားတို့အရ မိမိတို့နိုင်ငံသည် သဘာဝဘေးအန္တရာယ်ခံရနိုင်ခြေ မြင့်မားသည့် နိုင်ငံများတွင် ပါဝင်နေသည်။ မုန်တိုင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် နှစ်စဉ်ဆိုသလို ရေကြီးရေလျှံမှုများနှင့် မြေပြိုတောင်ပြိုမှုများကို ကြုံတွေ့နေရာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်း မြန်မာနိုင်ငံ ဒေသအများအပြားတွင် အဆိုပါသဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရသည်။

မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံရေလွှမ်းမိုးခြင်းတို့သည် သာမန်အားဖြင့် ပုံမှန်ရာသီအတွင်း ဖြစ်ပေါ်လေ့ရှိပြီး ကြိုတင်ခန့်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များဖြစ်သည်။ ရာသီဥတုပြောင်းလဲလာမှုကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများ နှစ်စဉ်အကြိမ်ရေအားဖြင့် ပိုမိုဖြစ်ပွားလာသကဲ့သို့ ပိုမို၍လည်း ဆိုးရွားပြင်းထန်လာနိုင်သည့် အခြေအနေတို့ကိုလည်း ကြိုတင်တွက်ဆထားကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် ကျရောက်လာသည့်အခါတွင် ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့နိုင်သမျှ လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့ကို ထိထိရောက်ရောက်၊ လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအဆင့်အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတွင် ကြိုတင်စီစဉ်ဆောင်ရွက်မှုများအနက် နိုင်ငံတော်အဆင့်မှ ရပ်/ကျေးအဆင့်အထိ အဆင့်တိုင်းတွင် ဘေးကင်းလုံခြုံ၍ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော အလေ့အထ စွဲမြဲလာစေရန် အသိပညာ၊ အတတ်ပညာနှင့် တီထွင်ကြံဆမှုတို့ကို အသုံးချ၍ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ အစီအမံများ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်အဆင့်မှ ရပ်/ကျေးအဆင့်အထိ အဆင့်တိုင်းတွင် သဘာဝဘေးအန္တရာယ်ကို ထိရောက်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ခိုင်မာစွာ တည်ဆောက်ခြင်းစသည့် လုပ်ငန်းများလည်း ပါဝင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်နှင့်အမျှ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများလည်း များစွာလျော့နည်းသွားမည်ဖြစ်သည်။

ရေကြီးရေလျှံမှုဖြစ်စဉ်များကို ပြန်ကြည့်မည်ဆိုပါက ၂၀၁၅ ခုနှစ်တွင် စံချိန်တင်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့တွင် ဆိုးဆိုးရွားရွားခံစားခဲ့ကြရသည်။ လူ ၁၀၀ ကျော် သေဆုံးပြီး လူဦးရေ ၁ ဒသမ ၆ သန်းကျော် ရေဘေးဒုက္ခကြုံတွေ့ရသည်။ လယ်မြေဧက ၁၄ သိန်းကျော် ရေနစ်မြုပ်ခဲ့ရာတွင် ထက်ဝက်မက လုံးဝပျက်စီးသွားခဲ့ပြီး နိုင်ငံတစ်ဝန်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးကျပ် ၁၆၅ ဘီလီယံ အထိ ရှိခဲ့သည်။ နှစ်စဉ်လိုလို ကြုံတွေ့ရသည့် ရေဘေးကြောင့် လမ်းတံတားများ၊ လယ်ယာမြေများ၊ လူနေအိမ်ခြေယာခြေများအပါအဝင် ထိခိုက်ဆုံးရှုံးရသည့်ပမာဏမှာ လွန်စွာကြီးမားသည့်အလျောက် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေသည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ရှေ့သို့တက်လှမ်းရမည့်အစား ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးတို့ကို မဖြစ်မနေ ဆောင်ရွက်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုတို့ တန့်သွားရသည်။

ရေကြီးရေလျှံမှုများကို ကြံ့ကြံ့ခံနိုင်ရန်အတွက် မြို့ရွာများတွင် ရေဘေးကာကွယ်ရေး တာတမံများ တည်ဆောက်ခြင်း၊ ခိုင်ခံ့အောင် မြှင့်တင်ခြင်း၊ မြို့ရွာအတွင်း ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်း၊ ရေလွတ်နိုင်သည့် ခြေတံရှည်အိမ်အမြင့်များ တည်ဆောက်ခြင်း၊ လမ်းတံတားများတည်ဆောက်ရာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးကိုပါ ထည့်သွင်းတွက်ချက်တည်ဆောက်ခြင်းတို့ကဲ့သို့ ရေရှည်အစီအမံများ ဆောင်ရွက်ခြင်းဖြင့် နှစ်စဉ်ကြုံတွေ့ကြရဖွယ်ရှိသော ရေကြီးရေလျှံ ရေလွှမ်းမိုးမှုအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားကြရပါမည့်အကြောင်း။ ။

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ Certificate in Digital Marketing and Innovation-CDMI(Batch-I) ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁၀**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်၊ ပြိုင်ဘက်လုပ်ငန်းများထက် သာလွန်သော ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ သဘောတရားများ၊ နည်းလမ်းများနှင့် ဆန်းသစ်တီထွင်မှုများကို သိရှိစေရန်၊ လက်တွေ့ဈေးကွက်ဖော်ဆောင်ရာ၌ ကြုံတွေ့ရမည့် ပြဿနာများကို ဖြေရှင်းရာတွင် နည်းစနစ်ကျစွာ တွေးခေါ်တီထွင် ဆန်းသစ်နိုင်စေရေးအတွက် အထောက်အကူပြုနိုင်စေရန်နှင့် နိုင်ငံတကာအဆင့် ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ Certificate in Digital Marketing and Innovation–CDMI (Batch–I) Free Online Certificate Course ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် https://forms.gle/FX5QmvXRrJvYcF8U9 Link မှတစ်ဆင့် Google Form တွင် ဖြည့်စွက်ပြီး ၁၆–၈–၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၁၀**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု ဝတ္ထုရှည်၊ ပထမဆုရ **"ကိုထွန်း(ကျယ်ဂေါင်)"** ရေးသားသည့် **"ကြိုလင့်နေပါမြသီတာ"** စာအုပ်ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ




**နေပြည်တော် ဩဂုတ် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၂ – ၈ – ၂၀၂၃ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၃၂) တွင်** အားကစားကို အမှန်တကယ်ချစ်မြတ်နိုးလျှင် သန့်ရှင်းစွာ ကစားကြရန်နှင့် ငွေကြေးဖြင့်ကစားလျှင် ဆိုးကျိုးများသာ ကြုံတွေ့နိုင်ကြောင်း တင်ဆက်ထားသည့် "အားကစားစိတ်ဓာတ်" မျက်နှာဖုံးကာတွန်း၊ ရှားပါးမှုနှင့် ရွေးချယ်မှုတို့၏ အဓိပ္ပာယ်ကို ကလေးများ နားလည်သဘောပေါက်စေရန် ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "ရှားပါးမှုနဲ့ရွေးချယ်မှု" သုတကဏ္ဍ၊ ကလေးတို့လက်ရာ ပန်းချီများကို ဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ပန်းချီကဏ္ဍ၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်သင့်ကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ ဘဝတွင် မိမိလုပ်နိုင်သည့်အရာကိုသာ စဉ်းစားပြီး လုပ်သင့်သလို ယင်းမှ ထွက်ပေါ်လာမည့် အကျိုးဆက်ကို တွေးထားရမည့်အကြောင်း ရေးသားထားသည့် "စိတ်ကူးယဉ်တဲ့လိပ်" ပုံပြင်ကဏ္ဍ၊ ကျီးကန်းများသည် သူတို့၏ ကျီးမျိုးကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သလို မိမိတို့သည်လည်း မိမိအမျိုးကို မိမိတို့ ကာကွယ်စောင့်ရှောက်သင့်ပုံကို သဘောပေါက်သွားသည့် မိဆုအကြောင်း တင်ဆက်ထားသည့် "ငှက်ကလေးပုံပြင်" တစ်မျက်နှာကာတွန်း၊ ဝတ္ထုကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ အပါအဝင် အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါ (၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဩဂုတ် ၁၀ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်) ဗမ္ဗူသီရိခန်းမ၌ ကျင်းပရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များဖြစ်သော ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အောက်ဝဲပုံ)**



ဆွေးနွေးပွဲတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ထံသို့ တင်ပြရသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာတွင် သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူရသည့် ကဏ္ဍများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ပူးပေါင်း၍ ရေးသားပြုစုခဲ့ကြောင်း၊ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ စံသတ်မှတ်ချက်များအတိုင်း အကောင်ထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးတွင် သက်ဆိုင်ရာဌာနများ၏ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သေချာရှင်းလင်းတင်ပြနိုင်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေးတွင် တင်ပြမည့် အချက်များအပေါ် ကြိုတင်ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် ကျင်းပပြုလုပ်ခဲ့သည့်အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။ ဆက်လက်၍ တာဝန်ရှိသူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၁၀**

ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်စျေးထက်သက်သာသောစျေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောစျေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**တနင်္သာရီ ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးကြီးမှူး၍ ပညာရေးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အ-ထ-က (တနင်္သာရီ)ကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူး၊ မိတ်ဖက်ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ အ-ထ-က-(တနင်္သာရီ) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများ၊ Grade-8 အတန်းမှ ကျောင်းသားကျောင်းသူများ ၁၄၀ ကျော် တက်ရောက်ကြသည်။ **(ယာပုံ)**



အခမ်းအနားမစတင်မီ တက်ရောက်လာသူများအား မြို့နယ်ကျန်းမာရေးဌာနက ပါးစပ်နှင့်နှာခေါင်းစည်းများနှင့် သွေးလွန်တုပ်ကွေးတိုက်ဖျက်ရေး လက်ကမ်းစာစောင်များ ပညာပေးဖြန့်ဝေပေးသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်ဝင်းက အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပညာရေးဌာနကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်အေးက လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ခံဆရာဝန် ဒေါက်တာနွေးဟေမာသင်းက တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သန့်လေးသန့်အကြောင်းကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးလင်းဦးက စွန့်ပစ်အမှိုက်၏ ဆိုးကျိုးများ၊ ပလတ်စတစ်လျှော့ချရေးအကြောင်းကိုလည်းကောင်း ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

❍ *ရှေ့ဖုံးမှ*

လက်ပံရွာစာသင်ကျောင်း၊ မုန်တိုင်းကျေးရွာ မုန်တိုင်းဘုန်းကြီးကျောင်း၊ ဝါးပြန်ကုန်းကျေးရွာ ဘုရားကုန်းဘုရားဝင်း၊ ဥဿာ(၇)ရပ်ကွက် ပညာမွန်ကျောင်း၊ ဒက္ခိဏာသာခါကျောင်း၊ ကလျာဏီရပ်ကွက် ကလျာဏီသိမ်နှင့် ဇိုင်း/မြောက် အထက(၄)တို့တွင် ယာယီနေထိုင်နိုင်ရေးအတွက် ရေဘေးကယ်ဆယ်ရေးစခန်း ၁၃ ခုကို ဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက သောက်သုံးရေ၊ အစားအစာနှင့် ဆေးဝါးများကို ကူညီထောက်ပံ့လှူဒါန်းပေးကြကြောင်း သိရသည်။

**သက်ဖြိုးကြိုင်**

(ပြန်/ဆက်)

# ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ တန့်ယန်းမြို့၊ ကွမ်းလုံမြို့တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင်တပ်ဦးကျောင်းတိုက်ဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ သံဃာတော် ၅၄ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(ယာပုံ)**

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၄)ရှိ မဟာဗောဓိရုံ ပရိယတ္တိစာသင်တိုက်၊ တန့်ယန်းမြို့ရှိ ဓမ္မဂုဏ်ရည်ကျောင်းတိုက်နှင့် ကွမ်းလုံမြို့ရှိ ကွန်မြင့်ရွာဦးဘုန်းတော်ကြီးကျောင်း အစရှိသော မြို့နယ် သုံးမြို့နယ်တို့မှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်များ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်၊ သံဃာတော် ၁၀၆ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ငါးပါးနှင့် ဒေသခံပြည်သူ ၄၈၂ ဦးတို့အား မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ အာထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံစားသောက်ကုန်များ သွားရောက်ထောက်ပံ့

**ပဲခူး ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၀ရက် မွန်းလွဲပိုင်းက ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်များတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းများ၏ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များနှင့် အခြားလိုအပ်သည်များ သွားရောက်ဖြည့်ဆည်းထောက်ပံ့ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် နယ်မြေခံတပ်မှ တပ်မမှူးတို့သည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ မြို့သစ်(၇)ရပ်ကွက်၊ ဘုန်းတော်ကြီးကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ဆီ၊ ရေသန့်၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဝင်ရောက်သည့် ကျောက်ကြီးစုရပ်ကွက်အတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** ပြည်သူများ သွားလာရလွယ်ကူစေရန် စက်လှေများဖြင့် သယ်ယူပို့ဆောင်ပေးနိုင်ရေးနှင့် အိမ်အရောက်ထမင်းထုပ်များ အခမဲ့ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ ပဲခူးမြစ်ရေကြီးမှုအား ပဲခူးမြစ်ကူးတံတားပေါ်မှ ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုညကုသလမြချမ်းသာဆွမ်းလောင်းဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအတွက် ထမင်းထုပ်များ စီစဉ်ဆောင်ရွက်နေမှု၊ ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်၊ အထက(ခွဲ) ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ပညာမွန်ဘုန်းတော်ကြီးကျောင်းတို့၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးခစန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ကာ ပဲခူးမြို့အတွင်း ရေများအမြန်ဆုံး ပြန်လည်ကျဆင်းစေရေး၊ ယာဉ်အန္တရာယ် / လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းရေး၊ ကယ်ဆယ်ရေးအတွက် လူအသင့်စုဖွဲ့ထားရန်၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကူးစက်ရောဂါဖြစ်ပွားမှု မရှိစေရေး၊ စာသင်ကျောင်းများ ရေဝင်ရောက်မှု အမြန်ဆုံး ပြန်လည်ကျဆင်းစေရေး၊ လယ်မြေများ ထိခိုက်ပျက်စီးမှုလျော့နည်းစေရေး၊ ရေဝင်ရောက်သည့် ရပ်ကွက်များအတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး ကယ်ဆယ်ရေးစခန်းများ၌ ချက်ပြုတ်ကျွေးမွေးနိုင်ရေး ဆန်၊ ဆီ၊ ဥ၊ ငါး အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးခြင်းနှင့် တာပေါ်လင်လိပ်များ ပေးအပ်သည်။

ဩဂုတ် ၈ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲခူးမြို့နယ် အတွင်း ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာ ခြောက်ရွာတို့၌ ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ၂၉ ခုကို ဖွင့်လှစ်ထားရှိပြီး အိမ်ခြေ ၂၈၄၈ လုံး၊ အိမ်ထောင်စု ၂၉၇၃ စု၊ လူဦးရေ ၁၂၄၆၁ ဦးအား ကျန်းမာရေးနှင့်စားသောက်နေထိုင်ရေး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် စောင့်ရှောက်ပေးလျက်ရှိပြီး ပဲခူးမြစ်ရေသည် ပဲခူးမြို့၏စိုးရိမ်ရေမှတ် ၈၈၀ စင်တီမီတာအား ကျော်လွန်ပြီး ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းအထိ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၈ စင်တီမီတာ ကျော်လွန်ရောက်ရှိလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မအူပင်နှင့် ကျုံပျော်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပုသိမ် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မအူပင်ခရိုင်နှင့် ကျုံပျော်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် အရွှဲကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ တောင်သူ ဦးခင်မြင့်၏ လယ်မြေ ၁၂ ဧကတွင် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အသင်း (Myanmar Paddy Producers Association)စပါးမျိုးသန့်စိုက်ခင်းတွင် ဆင်းသုခ (RS) မျိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများက မျိုးသန့်စိုက်ခင်း စိုက်ပျိုးမှုအခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အထွက်တိုးမျိုးကောင်းမျိုးသန့် မျိုးစပါးများ ရာနှုန်းပြည့်လွှမ်းခြုံနိုင်ရေး ပိုမိုတိုးချဲ့စိုက်ပျိုးရန်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျသုံးစွဲရန်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာ တောင်သူ ဦးကျော်ဝင်း၏ လယ်မြေ ၁၀ ဧကတွင် ပြုလုပ်သည့် ၂၀၂၃-၂၀၂၄ မိုးစပါး ရေတော်မိုးတော် မြို့နယ်ထွန်းတုံးပိတ်ပွဲ တက်ရောက်ပြီး ချမ်းမြေ့မေ မျိုးစပါး စနစ်တကျစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထို့နောက် တောင်သူများနှင့် တွေ့ဆုံ၍ အထွက်တိုးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲခြင်း၊ ခေတ်မီစိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲခြင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းစိုက်ပျိုးခြင်းများဖြင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ထွက်ရှိစေရေးတောင်သူများအနေဖြင့်လည်း စနစ်တကျ လိုက်ပါဆောင်ရွက်ကြသည်ကိုလည်း တွေ့ရှိရပါကြောင်းနှင့် တိုင်းဒေသကြီး၏ စိုက်ပျိုးရေး



လုပ်ငန်းများ ပိုမိုတိုးတက်စေရေး ဆောင်ရွက်ကြရန် မှာကြားပြီး ဖျော်ဖြေရေး အဖွဲ့များအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ကျုံပျော်ခရိုင်အနေဖြင့် ၂၀၂၃-၂၀၂၄ မိုးစပါး ရေတော်မိုးတော် စိုက်ဧက နှစ်သိန်းငါးသောင်း ခြောက်ထောင်ကျော်၊ သဲဆန်ကုန်းချောစိုက်ဧက ခုနစ်ရာကျော်တို့အား ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ ဩဂုတ် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့် လှိုင်းဘွဲ့မြို့ပေါ် (ဃ) ရပ်ကွက် အနိမ့်ပိုင်းနေရာများတွင် လူနေအိမ်များအတွင်း ရေများဝင်ရောက်နေမှု၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာ Cyclone Shelter ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၂၃၇ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၉၉၀၈၀၀ နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်ကြသော ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး အိမ်ထောင်စု ၃၂ စု၊ လူဦးရေ ၁၃၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၁၅၉၂၀၀ နှင့် ငွေကျပ် ၁၇၉၄၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ပြည်နယ်ကမ္ဘာ့ဗဒ္ဓ/ကမ္မဋ္ဌာန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်အိမ်ထောင်စု ၅၆ စု၊ လူဦးရေ ၂၃၀၊ ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ခါဒေမွလ်အစ္စလာမ်ပရဟိတစာသင်ကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၈၁ စု၊ လူဦးရေ ၃၇၆ ဦး၊ ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြရွှေဝါခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်အိမ်ထောင်စု ၇၈ စု၊ လူဦးရေ ၃၆၄ ဦး၊ ဘားအံမြို့ သုမေဓာရာမကြားတောရကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်အိမ်ထောင်စု ၃၂ စု၊ လူဦးရေ ၁၃၇ ဦး၊ ဘားအံမြို့ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၁၆ စု၊ လူဦးရေ ၈၇ ဦးတို့အား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၀ ခုတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်အိမ်ထောင်စု ၉၉၀၊ လူဦးရေ ၄၇၂၃ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၉၆၇၃၂၀၀ နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥ အစရှိသောစားသောက်ကုန်ပစ္စည်းများ၊ ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်စခန်းကိုးခုမှ အိမ်ထောင်စု ၇၀၄ စု၊ လူဦးရေ ၃၄၇၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၁၂၃၀၀၀၀ နှင့် ခေါက်ဆွဲခြောက်နှင့်ကြက်ဥများ၊ ကျုံဒိုးမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုမှ အိမ်ထောင် စု ၁၇၂ စု၊ လူဦးရေ ၇၅၂ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၇၆၈၀၀၀ နှင့် ခေါက်ဆွဲခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များထပ်ဆင့်ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၁၀**

နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ် တို့အား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃) ကို ယနေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**



နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ထပ်ဆင့်ရှင်းလင်းရာ နိုင်ငံအတွင်း စားရေရိက္ခာ ပေါ်များကြွယ်ဝရေးတစ်သီးစားတင်မက နှစ်သီးစားစိုက်ပျိုးနိုင်ရေး၊ သီးထပ်စွမ်းအားတိုးမြှင့်စိုက်ပျိုးရေး၊ ရှိပြီးသားမွေးမြူရေးလုပ်ငန်းများ စနစ်တကျ မွေးမြူနိုင်ရေးနှင့် တိုးချဲ့မွေးမြူလုပ်ကိုင်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေးစနစ်ကောင်းမွန်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် စာတတ်ပေတတ် ပညာတတ်လူငယ်များ ပေါ်ထွက်လာရန် ပြုစုပျိုးထောင်ရေး၊ အနာရောဂါကင်းစင်ပြီး ကျန်းမာရေးကောင်းမွန်၍ သက်တမ်းစေ့နေနိုင်သော ပြည်သူများဖြစ်လာစေရေးနှင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ကဏ္ဍအလိုက် အလေးထားလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရေးမှူး ဦးညီညီမင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနများ၏ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များအား ဖတ်ကြားရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ ဧပြီလမှ ဇူလိုင်လအထိ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် လမ်းညွှန်မှာကြားချက်အပေါ် လိုက်နာဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဩဂုတ်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် တစ်ပေမှ လေးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့တွင် ရှစ်ပေခန့်နှင့် ကျောက်တော်မြို့တွင် သုံးပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ငါးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္တုကံတော်တွင် တည်ထား ပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင်လည်း နံနက် ၆ နာရီမှစတင်၍ အများပြည်သူ ဖူးမြော် ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



**စနစ်တကျပို့ဆောင်**

ဦးစွာ တာဝန်ရှိသူများက ဘုရားဖူးပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျပို့ဆောင်ပေးသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် ဘုရားဖူး ရဟန်းရှင်လူ၊ ပြည်သူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ဘုရားရင်ပြင်တော်ပေါ်သို့ အလွယ်တကူ တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိရာ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် များစွာအဆင်ပြေလှပြီး စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော် ကြည်ညိုနေကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော် ပတ်လည်၌ ဂန္ဓကုဋီတိုက် ၂၄ ဆောင်ကို စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိရာ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဂန္ဓကုဋီတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်ကြသည်။

**စိတ်ဝင်စားစွာလေ့လာ**

ထို့ပြင် ဘုရားဖူး ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား လာရောက် ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာ ကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထု ထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ ကို ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာ တည့်တည့်၌ တည်ဆောက် ပူဇော်ထားရှိရာ စိတ်ဝင်စားစွာ ဖူးမြော်လေ့လာ ကြည်ညိုကြသည်။

အဆိုပါ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရား ကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မည်သည့်ကျောက်စာရုံ၌ ပိဋကတ်သုံးပုံ ကျမ်းစာများကို လေ့လာသည်ဖြစ်စေ ကျောက်စာရုံများမှ ထွက်သည့်အခါ၌ ဘုရားကြီး၏ မျက်နှာတော်ကို တွေ့မြင်ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် ပိဋကတ်သုံးပုံ အဋ္ဌကထာ ဋီကာ ကျမ်းစာများသည်လည်း ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေရန် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှပညာရှင်များ၊ အခြားအရပ်ဘက် ကျွမ်းကျင်ပညာရှင်များက စနစ်တကျ တွက်ချက် တည်ဆောက်ထားခြင်း ဖြစ်ပြီး ဘုရားဖူး ပြည်သူများအနေဖြင့် ဝင်ရောက်ဖူးမြော်ရာ၌ ကျောက်စာရုံစေတီတော်များ၏ ဗိသုကာလက်ရာ၊ အင်ဂျင်နီယာ ပညာရပ်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားရှိရာ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့် အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း ဘုရားဖူးပြည်သူများက ကြည်ညိုစွာဖြင့် ဖူးမြော်ကြသည်။

ထို့ပြင် ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျ တည်ဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်း အသေးနေရာများ၌လည်း ဘုရားဖူးပြည်သူများအနေဖြင့် မိသားစုအလိုက် လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက် လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်နေကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

**စည်ကား**

ဗုဒ္ဓဥယျာဉ်တော် အတွင်း တည်ထားပူဇော်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရားကျောင်းကန်များအား လာရောက် ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ခေတ္တအနားယူနိုင်စေရေး အတွက် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှု လက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားသည့် သုဓမ္မာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

**ခမ်းနားထည်ဝါစွာ တည်ဆောက်ထား**

ထို့ပြင် ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယကျောင်းတော်နှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးကိုလည်း ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

**စတုဒိသာကျွေးမွေးလှူဒါန်း**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကြည်ညိုသဒ္ဓါပွားများလျက်စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ် လှူဒါန်းလျက်ရှိကြပြီး ခုနစ်ရက် သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါန စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ အနေဖြင့် ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် မုံရွာမြို့ ရုံးကြီးရပ် "ရွှေသုဝဏ်ကျောင်းတိုက်" သို့ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (မုံရွာ) မှ တာဝန်ရှိသူများ သွားရောက်၍ သံဃာတော်များ ဝါတွင်းကာလ ဆွမ်း၊ ကွမ်းအခက်အခဲ မရှိစေရေးအတွက် ဆရာတော်ကြီးထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မင်းတပ်မြို့ တောင်တန်းသာသနာပြု ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကြီးနှင့် တပ်ဖွဲ့ဝင်များက ဆန်၊ ဆီ၊ သက်န်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဩဂုတ် ၄ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ ကိုကိုရှုပ

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှလာရောက်ဖူးမြော်ကြသည့် ဓာတ်ပုံမြင်ကွင်း

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၁၀ ရက်က အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည့် မြင်ကွင်းများကို ဖော်ပြလိုက်ပါသည်။

**စာတည်းအဖွဲ့**











# မာရဝိဇယဆိုတဲ့အတိုင်းပဲ တိုင်းပြည်ကြီးက သာယာဝပြောပြီး တိုးတက်လာတော့မယ်ဆိုတဲ့ အတိတ်နိမိတ်ပါပဲ။ ဘုရားကြီးရဲ့ ဂုဏ်တော်တွေကိုလည်း ကမ္ဘာကိုပျံ့နှံ့အောင်ဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်

ဦးဇဝန

တွေ့ဆုံမေးမြန်း - တင်မောင်လွင်၊ ဓာတ်ပုံ-မောင်ဥက္ကာ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရာ တတိယနေ့ဖြစ်သည့် ဩဂုတ် ၁၀ ရက် (ယနေ့) တွင်လည်း နံနက် ၆ နာရီမှစတင်၍ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူအများအပြား အထူးစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်ကို ကြည်နူးစွာတွေ့မြင်ရသည်။

ဉာဏ်တော် ၆၃ ပေ၊ ပလ္လင်တော် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ဆောင်သည့် အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရတနာပုံ ခေတ်ဟန်အတိုင်း ခေတ်မီနည်းစနစ်ဖြင့် ပေါင်းစပ်ကာ ကြည်ညိုစဖွယ်သပ္ပာယ်လှသည့် ကမ္ဘာ့အကြီးဆုံး ရုပ်ပွားတော်မြတ်ကြီးအဖြစ် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့ပြီး ယခုကဲ့သို့ အများပြည်သူအား အခမဲ့ဝင်ရောက် ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ခြင်းဖြစ်သည်။

မှိုင်းပျပျကောင်းကင်အောက်တွင် သာယာလှပသည့် တိမ်သားတိမ်လိပ်များနှင့်အတူ အလွန်ကြည်ညိုသပ္ပာယ်လွန်းလှသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူတချို့အား ၎င်းတို့ကိုယ်တိုင် ဖူးတွေ့ခွင့်ရသည့် ရင်တွင်းခံစား ဝမ်းသာပီတိစကားသံများကို ဖော်ပြပေးလိုက်ပါသည်။



ဦးသန်းဆွေ



ကိုဇော်ရဲတင်




မနန်း

**ဦးဇဝန**
**(တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်)**


ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူကျောက်ဆစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ယခုလို ဖူးမြော်ခွင့်ရတာ အင်မတန်ကြည်ညိုစရာကောင်းလှကြောင်း ပထမဆုံးပြောကြားလိုပါတယ်။ မြတ်စွာဘုရားဟာ မာရ်ငါးပါးကို အောင်မြင်တော်မူသလို ပြည်သူပြည်သားအားလုံးဟာလည်း ရန်အပေါင်းတို့ကင်းငြိမ်းပြီး အေးအေးချမ်းချမ်းရှိကြပါစေ။ မာရဝိဇယဆိုတဲ့အတိုင်းပဲ ဘုန်းဘုန်းတို့ တိုင်းပြည်ကြီးက သာယာဝပြောပြီး တိုးတက်လာတော့မယ်ဆိုတဲ့ အတိတ်နိမိတ်ပါပဲ။ ဘုရားကြီးရဲ့ ဂုဏ်တော်တွေကိုလည်း ကမ္ဘာကိုပျံ့နှံ့အောင် ဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူများအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်။ ဘုရားကြီးရဲ့ ရင်ပြင်တော်ပေါ်ကို အလွယ်တကူ တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ဖို့ စက်လှေကားတွေ ထည့်သွင်းဆောက်လုပ်ပေးထားတာတွေကလည်း မသန်စွမ်းသူတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် တော်တော်လေးကို အဆင်ပြေအောင် ဆောင်ရွက်ပေးထားတာတွေ့မြင်ရလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်ပြီး ကျောက်စာရုံတွေမှာလည်း ပါဠိအက္ခရာ၊ Romanize Language ဘာသာတွေ ထည့်သွင်းပေးထားတာဖြစ်တော့ ကမ္ဘာကိုသိအောင် ဆောင်ရွက်ပေးထားတာဖြစ်လို့ ပိုကောင်းသွားတာပေါ့။ နိုင်ငံခြားသားတွေ လာရောက်လေ့လာကြမယ်ဆိုရင် ဘာသာပြန်စရာလည်း မလိုတော့ဘူး၊ ပိုအဆင်ပြေသွားပါတယ်။ ဘာပဲဖြစ်ဖြစ် ဘုန်းဘုန်းအနေနဲ့ အခုလိုလာရောက်ဖူးမြော်ခွင့်ရတာကိုပဲ အလွန်ကို ဝမ်းသာပီတိဖြစ်မိပါတယ်။

**ဦးဇောတိက**
**(လယ်ဝေးမြို့ မြသိန်းတန်ပရိယတ္တိစာသင်တိုက်)**


မြန်မာပြည်က ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဘုန်းဘုန်းတို့ ဗုဒ္ဓဘာသာနိုင်ငံမှာ အစဉ်အလာအရ မင်းကောင်းမင်းမြတ်တွေဟာ ဘုရားတည်၊ ကျောင်းဆောက်ကုသိုလ်တရားတွေ ပြုလုပ်သွားကြတယ်။ အခုလည်း ဘုရားတည်ပြီး သာသနိကအဆောက်အအုံတွေ ဆောက်လုပ်ပေးတာဟာ တိုင်းပြည်အတွက် အများကြီးအကျိုးထူးပါတယ်။ အများပြည်သူဖူးမြော်လေ့လာလို့ရအောင် တာဝန်ရှိသူတွေအနေနဲ့ အခုလိုဆောင်ရွက်ပေးလို့ ဘုန်းဘုန်းအနေနဲ့ အများကြီးကြည်နူးဝမ်းသာဖြစ်မိပါတယ်။ အခုလို ကမ္ဘာ့အကြီးဆုံး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ခက်ခက်ခဲခဲနဲ့ တည်ဆောက်နိုင်တာဟာ ထေရဝါဒနိုင်ငံတွေထဲမှာ ဒီနိုင်ငံတစ်နိုင်ငံတည်းပဲရှိလို့ တင့်လည်းတင့်တယ်သလို ဂုဏ်လည်း ဂုဏ်ယူရပါတယ်။ ဘုန်းဘုန်းတို့အနေနဲ့ မကြာခဏလာရောက် ဖူးမြော်ဦးမှာပါ။



ဦးဇဝန



ဦးဇောတိက



ဒေါ်မိတ္တာထေရီ

**ဒေါ်မိတ္တာထေရီ**
**(ဓမ္မဝိဟာရပရိယတ္တိစာသင်တိုက် မန္တလေးမြို့)**

ဘုရားတကာတွေ ပြောပြကတည်းက ဒီလောက်ကြီးမားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးချင်ခဲ့တာ အခုမှပဲဖူးခွင့်ရလို့ မန္တလေးဘက်ကနေကားနှစ်စီးငှားပြီး စာသင်တိုက်က ဆရာလေးတွေနဲ့အတူ လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ အပြင်မှာ လက်တွေ့ဖူးမြော်ခွင့်ရတော့ ဘုရားကြီးက တကယ့်ကို သပ္ပာယ်လှပါတယ်။ ဆောက်လုပ်ပေးတဲ့ ပညာရှင်တွေကလည်း တော်ပါပေတယ်။ အခုလို အောင်မြင်အောင် ဆောက်လုပ်ဖို့ဆိုတာ တအားခက်ပါတယ်။ ထုဆစ်ထားတာကလည်း စကျင်ကျောက်ဖြစ်တဲ့အတွက် သမိုင်းဝင် သမိုင်းတွင်မယ့် ထူးခြားတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူဖြစ်ပါတယ်။ မြန်မာ့ဂုဏ်ဆောင်မယ့် ဘုရားကြီးပါပဲ။ ဘုရားရင်ပြင်တော်ပေါ် စတက်လိုက်ကတည်းက စကျင်ကျောက်သားတွေနဲ့ချည်း ပြုလုပ်ထားတာဆိုတော့ သွားရလာရတာကအစ အေးချမ်းမှုရှိပါတယ်။ သွားရေးလာရေးကအစ အားလုံးအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးထားလို့ လာရောက်ဖူးမြော်သူတွေအတွက်လည်း တကယ့်ကို အဆင်ပြေမယ်လို့ ထင်ပါတယ်။

**ဦးသန်းဆွေ**
**(နေပြည်တော်)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကျွန်တော့်အနေနဲ့ လာရောက်ဖူးမြော် ကြည်ညိုခွင့်ရလို့ အလွန်ပဲ ကြည်နူးဝမ်းသာဖြစ်မိပါတယ်။ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ ဉာဏ်တော်အမြင့်ဆုံးနဲ့ အကြီးဆုံးကျောက်ဆစ်ရုပ်ပွားတော်ကြီးဖြစ်ပြီး ကမ္ဘာမှာ ထူးခြားအံ့ဩဖွယ်ကောင်းလောက်တဲ့ ဗုဒ္ဓဆင်းတုတော်ကြီးဖြစ်တာကြောင့် ဦးဆောင်ဘုရားတကာကြီးနဲ့ အလှူရှင်ဒါယကာ ဒါယိကာမအပေါင်းတို့လည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ အခုလို ဘုရားကြီးရဲ့ ထူးခြားအံ့ဖွယ်တွေကြောင့် လာရောက်ဖူးမြော်ကြသူတွေလည်း တဖွဲဖွဲနဲ့ လာရောက်နေတာမြင်တွေ့ရတော့ တကယ့်ကို စိတ်ထဲကြည်နူးဝမ်းသာလည်း ဖြစ်မိပါတယ်။ လာရောက်ဖူးမြော်ကြသူအားလုံးကိုလည်း အေးအေးချမ်းချမ်းနဲ့ အခမဲ့ဖူးမြော်ခွင့်ရအောင် စီစဉ်ပေးလို့ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။

**ကိုဇော်ရဲတင်**
**(ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့)**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အလွန်အင်မတန်ကို ဖူးမြော်ချင်လွန်းလို့ ကျွန်တော်တို့အနေနဲ့ တစ်မိသားစုလုံး ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ကနေ ပင်ပင်ပန်းပန်းနဲ့လာခဲ့တာပါ။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စပြီးတည်ကတည်းက သတင်းတွေထဲမှာ၊ ရုပ်မြင်သံကြားတွေမှာရောကြည့်ရပါတယ်။ အဲဒီကတည်းက လာရောက်ဖူးချင်နေတာပါ။ ဘုရားကြီးတည်ဆောက်ပြီးစီးသွားတဲ့ အခမ်းအနားတွေကိုလည်း ရုပ်မြင်သံကြားတွေမှာ ဖူးမြော်ခွင့်ရတော့ ဖူးမြော်ချင်စိတ်တွေက စိတ်ထဲမှာ တဖွားဖွားဖြစ်မိပြန်ပါတယ်။ ချက်ချင်းကို သွားဖူးချင်ခဲ့တာ၊ ဒါပေမယ့် အခုမှပဲ ဖူးမြော်ခွင့်ရခဲ့တာပါ။ အခုလို ဖူးမြော်ခွင့်ရလို့လည်း ဖူးချင်တဲ့ ဆန္ဒလေးတွေပြည့်သွားလို့ ရင်ထဲပြောမပြနိုင်လောက်အောင် ကြည်နူးပီတိဖြစ်မိပါတယ်။ ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးဖြစ်လို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာအနေနဲ့ရော၊ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ပါ ဝမ်းသာဂုဏ်ယူမဆုံးဖြစ်မိပါတယ်။

**မနန်း (နေပြည်တော် ပုဗ္ဗသီရိမြို့နယ်)**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ကပဲ လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ အခုလို သာသာယာယာနဲ့ ဖူးရတော့ စိတ်ထဲမှာ တကယ့်ကို ကြည်နူးအေးချမ်းပါတယ်။ အေးအေးချမ်းချမ်း သာသာယာယာရှိတဲ့အတွက် ရပ်ဝေးက ဖူးမြော်လိုသူတွေအနေနဲ့လည်း လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားရှိတဲ့ ဗုဒ္ဓဥယျာဉ်တော်အတွင်းမှာ တည်ထားတဲ့ မုစလိန္ဒကန်နဲ့ နဂါးရုံဘုရားတို့ကလည်း ကြည်ညိုသပ္ပာယ်လှပါတယ်။ နောက်ပြီး ကျောက်စာရုံစေတီတော်တွေအပြင် ကျွန်းတိုင်တွေအသုံးပြုပြီး မြန်မာမှုလက်ရာများနဲ့ ရှေးမူမပျက် ဆောက်လုပ်ထားတဲ့ သုဓမ္မာဇရပ်တွေကလည်း အစီအရီနဲ့တကယ့်ကို ခမ်းနားသေသပ်စွာနဲ့ ဆောက်လုပ်ထားတာတွေ ဖူးမြော်လေ့လာရလို့ စိတ်ထဲတကယ့်ကို ကြည်နူးပီတိဖြစ်မိပါတယ်။ ဆောက်လုပ်လှူဒါန်းပေးတဲ့ တာဝန်ရှိလူကြီးတွေအားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။

---

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဩဂုတ် ၁၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# စက်တင်ဘာလ ၈ ရက်တွင် ကျင်းပမည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၀**

၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲက နေပြည်တော် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ရုံးအမှတ် ၅၂ ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်တင်ဘာလ ၈ ရက်တွင် ကျင်းပမည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ကျင်းပရေး ဦးစီးကော်မတီဒုတိယ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးတွင် သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းတင်ဆက်မှု ဒေသတွင်း Online ဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများ Online ဖြင့် ပါဝင်တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၀**

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သတင်းတင်ဆက်မှု ဒေသတွင်း Online ဆွေးနွေးပွဲ (Regional Webinar on Climate Change) ကို ယနေ့ မွန်းလွဲပိုင်းက Vedio Conferencing ဖြင့် ကျင်းပရာ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ ကိုယ်စားလှယ်ပေါင်း ၄၀ ကျော်နှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းခြောက်ဦး ပါဝင်တက်ရောက်ကြသည်။



အဆိုပါ ဆွေးနွေးပွဲကို အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ ရုပ်သံနှင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Asia-Pacific Institute for Broad-casting Development – AIBD) ၏စီစဉ်မှုဖြင့် မလေးရှားနိုင်ငံမှ ပြုလုပ်ခြင်းဖြစ်ပြီး အာရှ-ပစိဖိတ် ဒေသတွင်းရှိ နိုင်ငံများသည် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပါကတိကဝတ်ကိုလိုက်နာဆောင်ရွက်ရာတွင် ရာသီဥတုပြောင်းလဲရေးကို လျှော့ချရေးဆိုင်ရာ ကတိကဝတ်များနှင့်အညီ မီဒီယာ၏ အခန်းကဏ္ဍတွင်လည်း သတင်းအချက်အလက် ဖြန့်ဝေမှုတွင် အရေးပါသဖြင့် အလေးထားဆောင်ရွက်ရန် လိုအပ်မှုကို ပြသရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။

ဆွေးနွေးပွဲတွင် အသိပညာ မြှင့်တင်မှုတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးမှုနှင့် ရာသီဥတုပြောင်းလဲမှုအခြေအနေများ၊ သတင်းတင်ဆက်ခြင်းနှင့် ပရိသတ်အလွှာအမျိုးမျိုး ပါဝင်ပတ်သက်မှုဆိုင်ရာ လက်တွေ့ကျသော လမ်းညွှန်မှုများ ဖြည့်ဆည်းပေးခြင်း၊ မူဝါဒပေါင်းစပ်မှုများ အားပေးမြှင့်တင်ရာတွင် မီဒီယာ နည်းလမ်းမှတစ်ဆင့် အမျိုးသားအဆင့် မူဝါဒများတွင် ရာသီဥတုပြောင်းလဲမှု ပေါင်းစပ်ခြင်းအတွက် ထောက်ခံခြင်းနှင့် အကျိုးသက်ရောက်မှု ရှိသော သတင်း တင်ဆက်မှုအတွက် ဆန်းသစ်တီထွင် ချဉ်းကပ်မှုများနှင့် နည်းပညာများအား မျှဝေဆွေးနွေးခြင်းစသည်ဖြင့် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက အမြင်ချင်းဖလှယ်ပြီး မျှဝေ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ထီးချိုင့် ဩဂုတ် ၁၀**

ကသာခရိုင် ထီးချိုင့်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းရှိ သခင်မြမောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့ခိုင်က လူငယ်များအား စာဖတ်ရိုန်မြှင့်တင်ရေးနှင့် ဗဟုသုတနှင့် ပြည့်စုံသော လူငယ်များဖြစ်စေရေးအတွက် စာဖတ်စွမ်းရည်များ တိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်များရရှိစေရန်၊ နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ Grade(11) မှ မဆုနဒီက လူငယ်နှင့် စာဖတ်ခြင်း၊ Grade(10) မှ မောင်ဝန်းရဲခ က လူငယ်နှင့် အားကစား၊ Grade (10) မှ မခင်ငြိမ်းခန့်က လူငယ်နှင့် ယဉ်ကျေးမှု၊ Grade (10) မှ မောင်ဖြိုးခန့်ထွန်းက လူငယ်နှင့် မူးယစ်ဆေးဝါးစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း(ပြန်/ဆက်)**



**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

✳ *ကျောက်ဖုံးမှ*

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်း နိုင်ပါသည်။

**နန့်ယင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**နန့်ကောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ကောင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

○ *ကျောက်ဖုံးမှ*

မြန်မာ ယူ-၂၃ အသင်းသည် ပဏာမကစားသမား ၃၇ ဦးဖြင့် ဩဂုတ် ၆ ရက်မှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပြည်တွင်းခြေစမ်းပွဲတစ်ပွဲ၊ နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ဩဂုတ် ၁၁ ရက် (ယနေ့) တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ MNL ကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် ပြိုင်ပွဲဝင်မည့် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် အာဆီယံ ယူ-၂၃ ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ဩဂုတ် ၁၂ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ကူဝိတ် ယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲ ကစားမည်ဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံ ယူ-၂၃ ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ **ရဲရင့်လွင်**

# သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်

**မြစ်ကြီးနား ဩဂုတ် ၁၀**

ကချင်ပြည်နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သမဝါယမကဏ္ဍမှ မိုးစပါး စိုက်ဧက ၁၁၉၁၀ အား ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများအား တစ်ဧကအထွက်နှုန်းတိုးစေရန် သွင်းအားစုပေးအပ်ခြင်းနှင့် စံပြကျေးရွာများရှိ သမဝါယမအသင်းများ လယ်ယာဝန်ဆောင်မှု ဆောင်ရွက်နိုင်ရန် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် ပြည်နယ် မိုးလုံလေလုံအားကစားခန်းမ၊ မြစ်ကြီးနားမြို့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင်သမဝါယမအသင်းသားတောင်သူများအား တစ်ဧကလျှင် ငွေကျပ် ၂ သိန်း နှင့်ညီမျှသော ပုလဲ၊ ကွန်ပေါင်း၊ သဘာဝမြေဩဇာ၊ မျိုးစပါးများပေးအပ်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပံ့ပိုးပေးသည့် Drum Seeder အလက် ၁၆၀ ပေးအပ်ခြင်းနှင့် စံပြကျေးရွာများရှိ သမဝါယမအသင်းသားများသို့ ထွန်စက် ၆ စီး ပေးအပ်ခြင်းတို့အတွက် စုစုပေါင်းငွေကျပ် ၁၁၉၂ ဒသမ ၀၀ သန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကြီး သာယာဝပြောမှု ရှိစေဖို့ ဆိုရာဝယ်...

**မောင်မောင်လင်း**

*(ယမန်နေ့မှ အဆက်)*

အဆင်ပြေရင်ပြေသလို ကိုယ့်သူငယ်ချင်း မိတ်ဆွေအပေါင်းအသင်း၊ ဆွေမျိုးတွေကိုလည်း ဝေမျှပေးပါ။ ဆွေမျိုးတွေကို ချီးမြှောက်စောင့်ရှောက် ထောက်ပံ့တာကလည်း မင်္ဂလာတရားတော်နဲ့အညီ တရား အားထုတ်နေတယ်လို့ မှတ်ယူပါ။ သက်ရှိ မိဘနှစ်ပါးကိုလည်း စောင့်ရှောက်လှူဒါန်းရမှာ ဖြစ်ပါတယ်။ မိဘနှစ်ပါးကို လှူဒါန်းတာဟာ သက်ရှိဘုရားကို လှူဒါန်းတာနဲ့ တူပါတယ်။ မိဘနှစ်ပါးလိုအပ်တာတွေကို စောင့်ရှောက်လှူဒါန်း နေတာကလည်း မင်္ဂလသုတ္တန်နည်းအရ တရား အားထုတ်နေတာပါပဲ။ ဘုရားကျောင်းကန်တွေမှာ လှူသင့်တာလည်းလှူပါ။ လူ့ကျင့်ဝတ်တွေကိုလည်း တတ်နိုင်သမျှ ကျေပွန်အောင် ကြိုးစားပါ။ ဒါတွေ အားလုံးဟာ ဒါနတွေချည်းပါပဲ။ လှူတဲ့နေရာမှာ လည်း ကံ ကံရဲ့ အကျိုးကို ယုံကြည်စွာ လှူပါ။ အယုတ်အလတ်အမြတ်မရွေး ရိုရိုသေသေ လေးလေးစားစားနဲ့ လှူပါ။ အချိန်ကာလအလိုက် လိုအပ်တာကို လှူပေးပါ။ အစစအရာရာအဆင်ပြေပါ စေဆိုတဲ့ စိတ်လေးထားပြီး ချီးမြှောက်လိုစိတ်နဲ့ လှူပါ။ သန့်ရှင်းစင်ကြယ်တဲ့ လှူဖွယ်ပစ္စည်းနဲ့ မိမိ သူတစ်ပါး ပတ်ဝန်းကျင်ကိုပါ မထိခိုက်ရအောင် ငါးပါးသီလလုံစွာ လှူပါ။ လှူတဲ့အခါမှာလည်း မလှူခင်နဲ့ လှူပြီးတဲ့အခါမှာပါ စေတနာမပျက်စေရ ဘဲ စေတနာသုံးတန် ပြည့်ဝစွာ လှူဒါန်းရပါမယ်။ ကိုယ်ရလာတဲ့ အကျိုးအမြတ်တွေထဲက အယုတ် အလတ်အမြတ်မရွေး တတ်နိုင်သမျှ ပေးကမ်း၊ ဝေမျှ၊ လှူဒါန်းရပါမယ်လို့လည်း ဆရာတော်ကြီးရဲ့ ဟောကြားမှုကို နာယူဖူးပါတယ်။

မြတ်စွာဘုရားက ဒါနကောင်းမှုလုပ်ပြီဆိုရင် နည်းတာများတာက အဓိကမဟုတ်သလို ကောင်း တာ ညံ့တာလည်း အဓိကမဟုတ်။ အလှူလှူပြီဆိုရင် တလေးတစားလှူရမယ်။ ပူဇော်လိုတဲ့စိတ် ချီး မြှောက်လိုတဲ့စိတ်နဲ့ လှူရမယ်။ ကိုယ်တိုင် တလေး တစားလှူရမယ်။ ဒါဆိုရင် အဲဒီဒါနရဲ့ အကျိုးတရား ဟာ ရောက်လာမှာပဲဆိုတဲ့ ယုံကြည်ချက်ရှိရမယ်ဆို တာ ခံယူချက်ရှိရမယ်။ ဘုရားပွင့်လာမှ ဒါနတရား ဟာ ပိုပြည့်စုံလာမှာဖြစ်လို့ အကောင်းဆုံး ဒါန လုပ်ချင်တယ်ဆိုရင် ဓမ္မဒါနလုပ်ပါဆိုပြီး ဟောကြား ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း သာသနာပြု ခြင်းအဓိပ္ပာယ်မှာကိုက "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဆိုတဲ့ အလှူအားလုံးတို့တွင် တရားအလှူဟာ အမြတ်ဆုံးဖြစ်၏။ ဓမ္မကို ဖြန့်ဝေတဲ့သူဟာ သာသနာပြုသူမည်ပါ၏၊ ဓမ္မကို ဖြန့်ဝေခြင်းမှာ ပတ္တိဒါနကုသိုလ်ဖြစ်ပါ၏" လို့ဖွင့်ဆိုထားတာနဲ့အညီ ကိုယ်တိုင်က သဒ္ဓါတရားရှိတယ်၊ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်မိသားစုထဲ သဒ္ဓါတရား မရှိသေးဘူးဆိုရင် သဒ္ဓါတရားရှိအောင် လုပ်ပေးတာမျိုးကလည်း သာသနာပြုတာပဲ။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖူးမြော်ရန် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့်ပြည်သူများအား စည်ကားစွာ တွေ့ရစဉ်။ (၁၀-၈-၂၀၂၃)

တိုက်ရိုက်သာသနာပြုတယ်ဆိုတာကတော့ ကိုယ့်မှာ သီလရှိသလို သူများကို သီလရှိအောင်၊ ကိုယ့်မှာ သဒ္ဓါတရားရှိသလို သူများကို သဒ္ဓါတရား ရှိအောင်၊ ကိုယ့်မှာ ပညာရှိရင် သူများကို ပညာရှိ အောင် ဒီလိုပြုတဲ့ပုဂ္ဂိုလ်မျိုးက တိုက်ရိုက် သာသနာ ပြုတာဖြစ်သလို လှူတာတန်းတာမျိုးကလည်း တိုက်ရိုက် သာသနာပြုတာလို့ မခေါ်နိုင်ပေမယ့် အထောက်အကူပြုတယ်လို့ သတ်မှတ်နိုင်ကြောင်း ဆရာတော်ကြီး ဟောကြားတာကို နာယူဖူးပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား တည်ထား ကိုးကွယ်ရာမှာတော့ ပိဋကတ်သုံးပုံပါ ဗုဒ္ဓရဲ့တရား ဓမ္မများကို ကျောက်စာချပ်တွေပေါ်မှာ မြန်မာ၊ ပါဠိနဲ့ နိုင်ငံတကာသုံး ဘာသာစကားများနဲ့ပါ ထွင်းထုပူဇော်ထားပြီး ကျောက်စာရုံစေတီတော် တိုက်များအတွင်း စံပယ်ထားရှိစေခြင်းမျိုးသာမက စာအုပ်အဖြစ်လည်း ပုံနှိပ်ထုတ်ဝေကာ ကမ္ဘာ့နိုင်ငံ ဒေသအသီးသီးကို ပျံ့နှံ့ရောက်စေခြင်းမျိုးကြောင့် ယခုလို သာသနာပြုခြင်းမျိုးဟာ တိုက်ရိုက် သာသနာပြုခြင်း ဖြစ်ပါတယ်။

## "ဒွိစက္ခု"မျက်စိနှစ်လုံးရှိတဲ့ အကောင်းဆုံးပုဂ္ဂိုလ် ဆိုရာဝယ်

နိုင်ငံအတွင်းရှိ စီးပွားရေးကဏ္ဍကို ဦးဆောင် ဦးရွက်ပြုနေတဲ့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တိုင်း ဟာ ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့တဲ့ "အန္ဓသုတ္တန်"မှာ ပါရှိတဲ့အတိုင်း "ဒွိစက္ခု" မျက်စိနှစ်လုံးရှိတဲ့ အ ကောင်းဆုံးပုဂ္ဂိုလ်တွေ ဖြစ်နေရမှာပါ။ မျက်စိနှစ်လုံး ဆိုတာ လူတိုင်းလူတိုင်းမှာ မျက်စိနှစ်လုံးရှိကြ သလိုပဲ အသိဉာဏ်ကလည်း နှစ်ခုရှိရမယ်၊ နှစ်ဖက် မြင်တတ်ရမယ်၊ တစ်ဖက်တည်း မမြင်ရဘူးလို့ ဆိုလိုတာပါ။ နှစ်ဖက်မြင်ရမယ်ဆိုတာမျိုးက "လူ့ လောကမှာ လူရယ်လို့ ဖြစ်လာတဲ့အခါ မရသေးတဲ့ စည်းစိမ်ဥစ္စာတွေကိုရဖို့၊ ရလာတဲ့စည်းစိမ် ဥစ္စာတွေ တည်မြဲဖို့၊ တည်မြဲပြီးသား စည်းစိမ်ဥစ္စာတွေကို တိုးတက်ဖို့ သိမြင်တတ်တဲ့ အသိဉာဏ်ဆိုတဲ့ မျက်စိ တစ်လုံးလည်း ရှိဖို့လိုတယ်။ ဒါက ဒီဘဝ ကောင်းကျိုးအတွက် ဖြစ်တယ်။ နောင်ဘဝ ကောင်းကျိုးအတွက်လည်း ကုသိုလ် အကုသိုလ်၊ အပြစ်ရှိတယ် အပြစ်မရှိဘူးဆိုတဲ့ ဓမ္မအရေးနဲ့ ပတ်သက်ပြီး သိတဲ့မျက်စိမျိုးလည်း နောက်ထပ် လိုအပ်တယ်"လို့ မြတ်စွာဘုရားက ဟောကြား ရှင်းပြတော်မူခဲ့ပါတယ်။

ဒါမှသာ တစ်ခုနဲ့တစ်ခု ထိန်းညှိပေးနိုင်မှာလေ။ လောကအကျိုးချည်းပဲ ကြိုးစားမယ်ဆိုရင် သံသရာ အကျိုးကနေ လွတ်သွားလိမ့်မယ်။ ဒါကြောင့် လောကအကျိုး၊ သံသရာအကျိုး နှစ်မျိုးစလုံးရဖို့ အတွက် တစ်ခုနဲ့တစ်ခု ထိန်းညှိပြီးတော့ ကြိုးစား ရမယ်။ အသိနှစ်မျိုးနဲ့ ထိန်းမတ်ပေးရမယ်လို့ ဆိုလို တာပါ။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် လူတွေ မှာ စီးပွားဥစ္စာတွေတိုးတက်လာပေမယ့် ကိုယ်ကျင့် တရားက ဆုတ်ယုတ်ပျက်ပြားသွားလို့ရှိရင် ကောင်းကျိုးချမ်းသာတွေဟာလည်း တဖြည်းဖြည်း ဆုတ်ယုတ်သွားနိုင်လို့ပါ။

စီးပွားရေးဘက်ကလည်း တိုးတက်အောင် လုပ်ရမယ်။ ကိုယ်ကျင့်တရားဘက်ကလည်း တိုးတက်အောင်လုပ်ရမယ်။ အဲဒီလို နှစ်မျိုးနှစ်စား တိုးတက်ကြီးပွားအောင် ကြံဆောင်သိမြင်နိုင်တဲ့ အသိဉာဏ် နှစ်ခုကို မျက်စိနှစ်လုံးလို့ ခေါ်တာပါ။ စီးပွားရေးတိုးတက်အောင်လုပ်နိုင်ရမယ့် စီးပွားရေး မျက်စိရှိရမယ်။ ဓမ္မရေးရာတွေကို သိမြင်နိုင်မယ့် မျက်စိလည်းရှိနေရင် အဲဒီဓမ္မရေးရာမျက်စိနဲ့ စီးပွား ရေးတိုးတက်လာမှုကို အကြောင်းပြုပြီးတော့ အကျင့်စာရိတ္တတွေ တိုးတက်ကောင်းမွန်လာအောင် ထိန်းညှိပြီးတော့ နေနိုင်မှာ ဖြစ်ပါတယ်။ စီးပွားရေး မျက်စိတော့ ရှိပါရဲ့၊ ဓမ္မရေးရာမျက်စိက မရှိဘူးဆိုရင် မိမိအကျိုးစီးပွားရရင်ပြီးရော ဘာမဆို လုပ်မယ် ဆိုတဲ့ အတွေးအခေါ်တွေ ဝင်လာတတ်တယ်။ အဲဒါ ကို ထိန်းထားနိုင်ရမယ်။ အဲဒီလိုထိန်းထားမှု မရှိဘူးဆိုရင် ကိုယ်ကျင့်တရား ပျက်ပြားပြီးတော့ စီးပွားရေးလည်း ကျဆင်းလာတတ်တယ်။

ကိုယ်ကျင့်တရားပျက်ပြားလာပြီဆိုရင် ရလာ တဲ့စီးပွားဥစ္စာဟာ တည်မြဲမှုနဲ့ တည်ငြိမ်မှုမရှိ ဖြစ်တတ်ပါတယ်။ လူပုဂ္ဂိုလ်တချို့ဟာ စီးပွားဥစ္စာ တွေတော့ တိုးတက်လာပါတယ်။ ဒါပေမယ့် အကျင့် စာရိတ္တမှာတော့ ယိုယွင်းသွားပြီး ကြာလာတဲ့အခါမှာ စီးပွားဥစ္စာလည်း ပျက်စီးသွားတတ်တာကို လောက ထဲမှာ တွေ့မြင်ကြားသိဖူးမှာပါ။ ဒါကြောင့်မို့လို့ Economic progress နဲ့ Spirtual progress နှစ်မျိုး ထိန်းညှိပြီးတော့

*စာမျက်နှာ ၁၁ သို့*

**✻ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရာမှာတော့ ပိဋကတ်သုံးပုံပါ ဗုဒ္ဓရဲ့ တရားဓမ္မများကို ကျောက်စာချပ်တွေပေါ်မှာ မြန်မာ၊ ပါဠိနဲ့ နိုင်ငံတကာသုံး ဘာသာစကားများနဲ့ပါ ထွင်းထုပူဇော်ထားပြီး ကျောက်စာရုံစေတီတော်တိုက်များအတွင်း စံပယ်ထားရှိစေခြင်းမျိုးသာမက စာအုပ်အဖြစ်လည်း ပုံနှိပ်ထုတ်ဝေကာ ကမ္ဘာ့နိုင်ငံ ဒေသအသီးသီးကို ပျံ့နှံ့ရောက်စေခြင်းမျိုးကြောင့် ယခုလို သာသနာပြုခြင်းမျိုးဟာ တိုက်ရိုက်သာသနာပြုခြင်းဖြစ်**

*စာမျက်နှာ ၁၀ မှ*

ထားနိုင်ရမယ်။ အဲဒီလိုလုပ်ထားရင် စီးပွားတိုးတက်မှုလည်း ခိုင်မြဲတယ်၊ တစ်ဖက်က ကိုယ်ကျင့်တရားလည်း ခိုင်မြဲလာမယ်။ စီးပွားနဲ့ ကိုယ်ကျင့်တရားကို ထိန်းမယ်။ ကိုယ်ကျင့်တရားနဲ့ စီးပွားကို ပြန်ထိန်းမယ်ပေ့ါ။ ဘာဖြစ်လို့လဲဆိုတော့ သံသရာထဲမှာ နေရတဲ့ အခိုက်အတန့်မှာလည်းပဲ ကောင်းတဲ့အကြောင်းတွေ ဆောင်ရွက်နိုင်မှာ ဖြစ်တာကြောင့် ဘက်နှစ်ဖက်ရှုမြင်တတ်တဲ့ ပညာမျက်စိရှိရမယ်လို့ မြတ်စွာဘုရားက အဲဒီသုတ္တန်မှာ ဟောထားခဲ့တာပါ။

ဥပမာအားဖြင့် ကုန်သည်ပွဲစား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေနဲ့ ရောင်းဝယ်ဖောက်ကားမှုပြုခြင်းအပေါ် မိမိတစ်ဦးတည်း အမြတ်အစွန်းရရှိစေမှုအတွက်သာ ရှေးရှုတာမျိုးမဟုတ်ဘဲ တစ်ဖက်သားအတွက်လည်း အကျိုးရှိစေတဲ့ Win-Win စိတ်ထားမျိုး ထားရှိစေခြင်းမျိုး ဖြစ်ပါတယ်။ ဒ့ါအပြင် မိမိရှာဖွေစုဆောင်းရရှိထားတဲ့ စည်းစိမ်ဥစ္စာတွေထဲမှ အချို့ကိုလည်း သာသနာရေးဆိုင်ရာနဲ့ အခြားလိုအပ်တဲ့ ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးကိစ္စတွေမှာပါ မိမိတတ်အားသရွေ့ လှူဒါန်းလိုတဲ့ စိတ်နေစိတ်ထားမျိုး ထားရှိတာမျိုးလည်း ဖြစ်ပါတယ်။ ဒါဆိုရင် အဲဒီလို ပုဂ္ဂိုလ်များအနေနဲ့ အမျိုးဘာသာ၊ သာသနာတော်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝတိုးတက်ရေးအတွက်သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းမှာ ပါဝင်ထမ်းဆောင်နေကြသူ၊ နိုင်ငံ့ဂုဏ်ကို ဆောင်နေကြသူတွေ ဖြစ်လာမှာ ဧကန်ဖြစ်ပါတယ်။

လက်ရှိမှာလည်းပြည်တွင်းရှိစီးပွားရေးလုပ်ငန်းရှင်တွေဟာ မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ မိုခါမုန်တိုင်း ဖြစ်စဉ်တွေမှာလည်းကောင်း၊ လက်ရှိတည်ထားကိုးကွယ်နေတဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းတဲ့ အခါမှာလည်းကောင်း၊ ယခင့်ယခင်များကလည်း နိုင်ငံတော်အတွက်လိုအပ်ချက် ရှိလာတိုင်းမှာလည်းကောင်း သူတို့ရဲ့ သဒ္ဓါတရားကြီးမားမှုကို ဖော်ထုတ်ပြသနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ ဘယ်အလုပ်မျိုးကိုမဆို လုပ်ဆောင်တော့မယ်ဆိုရင် ဓမ္မမျက်စိလေးနဲ့ပါ ရှုမြင်တတ်တဲ့ ပုဂ္ဂိုလ်များလို့ သတ်မှတ်နိုင်ပြီ ဖြစ်ပါတယ်။ ဒ့ါအပြင် အခြားဘာသာတရားတွေကို ကိုးကွယ်ယုံကြည်သူတွေအပါအဝင် သာမန်နိုင်ငံသားအားလုံးကလည်း မိုခါမုန်တိုင်း ဖြစ်ပွားစဉ်ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးအတွက်၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရေးအတွက် လှူဒါန်းမှုမျိုးတွေမှာ နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့အတူ သူတို့ဟာလည်းနေလေ့အောင်း မြင်းဖောင်းမကျန် သူတို့ရဲ့ သဒ္ဓါတရားထက်သန်မှုကို ပြသခဲ့ပြီးဖြစ်ပါတယ်။

ကမ္ဘာပေါ်ရှိ အခြားကိုးကွယ်ယုံကြည်မှုဘာသာတရားအချို့မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ မိမိဝင်ငွေရဲ့ အဖို့ဝေစုတစ်ခုကို ပြန်လည် လှူဒါန်းမှုပြုရမယ် ဆိုတာမျိုးကို သက်ဆိုင်ရာဘာသာရဲ့ ကျမ်းစာအသီးသီးမှာ ပြဋ္ဌာန်းထားရှိပါတယ်။ မိမိတို့ ယုံကြည်ကိုးကွယ်နေကြတဲ့ ဗုဒ္ဓဘာသာမှာတော့ အဲဒီလို သတ်မှတ်ထားရှိခြင်းမရှိပေမယ့် သူတို့ဟာ ယခုလိုမျိုးစွမ်းဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို စွမ်းဆောင်ခဲ့မှုတွေဟာဆိုရင်လည်း ယနေ့ခေတ်ရဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် သတင်းမီဒီယာနဲ့ လူမှုဆက်သွယ်ရေးကွန်ရက်တွေမှတစ်ဆင့် ကမ္ဘာ့နေရာဒေသအနှံ့ ဖြန့်ကြက်ရောက်ရှိသွားမှာပဲ ဖြစ်ပါတယ်။ ဒါတွေကို ရှုမြင်ရတာကြောင့်လည်း နိုင်ငံတကာကတော့ မြန်မာနိုင်ငံသားတွေဟာ သာသနာပြုဖို့ လွန်စွာစိတ်အားထက်သန်ကြတယ်လို့ ရှုမြင်ထားကြတာပဲ ဖြစ်ပါတယ်။

ဒါကိုပဲ နည်းနည်းကျယ်ကျယ်ပြန့်ပြန့် စဉ်းစားကြည့်မိပါတယ်။ ဒီပလိုမေစီဘာသာရပ်ရဲ့ အခြေခံသဘောတရားများနဲ့ လိုက်နာကျင့်သုံးမှု သီအိုရီတွေထဲမှာ အများပြည်သူဒီပလိုမေစီ (Public Diplomacy)ဆိုတဲ့ ဝေါဟာရလည်း ပါဝင်ပါတယ်။ နိုင်ငံများအကြား သံခင်းတမန်ခင်းဆိုင်ရာ အရေးကိစ္စများကို ဆောင်ရွက်တဲ့အခါမျိုးမှာ တရားဝင်ခန့်အပ် တာဝန်ပေးအပ်ထားသူများဖြင့်သာမက သာမန်နိုင်ငံသားတွေအနေနဲ့လည်း ပညာရေး၊ ကျန်းမာရေးနဲ့ အားကစား စတဲ့ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးဆိုင်ရာ ကိစ္စရပ်တွေမှာပါ ကူးလူးဆက်သွယ်ဆက်ဆံမှုမျိုးမှ နိုင်ငံတစ်ခုရဲ့ စံနှုန်းနှင့်တန်ဖိုးများကို တစ်ဖက်နိုင်ငံက သိရှိသွားစေခြင်းနဲ့ ဒီလိုအပြန်အလှန် ဖလှယ်ဆောင်ရွက်လုပ်ဆောင်ခြင်းမျိုးဖြင့် နိုင်ငံများအကြား နားလည်မှုပိုမိုမြင့်မားစေမှာဖြစ်သလို ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေကာ ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုခိုင်မာအောင် တည်ဆောက်လာနိုင်မှာ ဖြစ်ပါတယ်။

> ✤ မြန်မာနိုင်ငံမှာ ရည်ရွယ်ချက် (၄)ရပ်ဖြင့် တည်ထားကိုးကွယ်နေသော မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရဲ့ ကျေးဇူးတော်ကြောင့် ဗုဒ္ဓရဲ့မေတ္တာဓာတ်တွေ ကမ္ဘာအနှံ့ ဖြန့်ကြက်လွှမ်းခြုံသွားပြီး ကမ္ဘာသူ ကမ္ဘာသားအားလုံး ကိုယ်စိတ်နှလုံးသုံးပါး အေးငြိမ်းချမ်းသာ ဖြစ်စေနိုင်မှာဖြစ်ကာ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးဖြစ်စေရေးအတွက်လည်း များစွာအထောက်အပံ့ ဖြစ်စေ

သာဓကအနေနဲ့ ဒုတိယကမ္ဘာစစ်အပြီး ဥရောပနိုင်ငံများနဲ့ အမေရိကန်ပြည်ထောင်စုအကြားမှာ ဆောင်ရွက်ခဲ့တဲ့ မာရှယ်စီမံကိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုအကြားမှာ ဆောင်ရွက်ခဲ့တဲ့ ပင်ပေါင်ဒီပလိုမေစီတို့ပဲ ဖြစ်ပါတယ်။ ဒီအပြင် ရှေ့မှာဖော်ပြခဲ့တဲ့ ဆက်သွယ်ရေးနည်းပညာ တိုးတက်ဖွံ့ဖြိုးလာသော သတင်းမီဒီယာ ခေတ်ကြီးမှာတော့ ကမ္ဘာ့ဘယ်နေရာမျိုးမှာ နေထိုင်နေသည်ဖြစ်စေ နိုင်ငံတစ်နိုင်ငံသာမက လူပုဂ္ဂိုလ်တစ်ဦးရဲ့ ပြောဆိုပြုမူလုပ်ဆောင်နေမှုတွေကို ဘယ်လောက်ဝေးကွာနေသည်ဖြစ်စေ အခြားဒေသတစ်နေရာကပင် အချိန်နဲ့တစ်ပြေးညီ သိရှိလာနိုင်မှုကြောင့် အဲဒီနည်းပညာတွေကို ဒီပလိုမေစီလုပ်နည်းစဉ်တွေမှာ ထည့်သွင်းအသုံးပြုတဲ့ ဒစ်ဂျစ်တယ်ဒီပလိုမေစီ (Digital Diplomacy) ဆိုတာမျိုးလည်းရှိနေတာကြောင့် နိုင်ငံသားတစ်ဦးချင်း၊ အစုအဖွဲ့နဲ့ အသင်းအဖွဲ့အစည်းတွေရဲ့ ပြောဆိုပြုမူလုပ်ဆောင်မှုတွေဟာ သက်ဆိုင်ရာ နိုင်ငံကို ကိုယ်စားပြုမှုရှိနေတာမျိုးကြောင့် နိုင်ငံများအကြား တရားဝင် လုပ်ဆောင်လျက်ရှိတဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ ဒီပလိုမေစီ (International Relation and Diplomacy) ကဏ္ဍအပေါ် သက်ရောက်မှုများစွာ ရှိနေပါတယ်။ အနာဂတ်မှာဆိုရင် နိုင်ငံသားဒီပလိုမေစီ (Citizenship Diplomacy) မျိုးအထိ တိုးတက်ဖြစ်ပေါ်သွားနိုင်တာကြောင့် သာမန်နိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီရဲ့ အခန်းကဏ္ဍဟာ နိုင်ငံတော်အတွက် ပိုမို အရေးပါလာမှာ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

## ဝမ်းမသာကောင်းတဲ့ အရာသုံးမျိုးနှင့် လူ့ဗာလတွေ မဖြစ်ဖို့ အရေးကြီး

အချို့သော မြန်မာနိုင်ငံသားများ အပါအဝင် လူပုဂ္ဂိုလ်အချို့ဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားများနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ မစ္ဆရိယဆိုတဲ့ အကုသိုလ်အန္တရာယ်တွေဟာ သူတို့ရဲ့ သန္တာန်မှာပေါ်နေတတ်တာမျိုးလည်း ရှိနေပါတယ်။ ဒါဟာ အင်မတန်ကြောက်စရာကောင်းပါတယ်။ အဲဒီလိုဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ အောက်မှာဖော်ပြထားတဲ့ ဝမ်းသာစရာ မကောင်းတဲ့အရာသုံးမျိုးကိုတောင် ဝမ်းသာတတ်လာတယ်လို့ ဆရာတော်ကြီးက ဟောကြားခဲ့ပါတယ်-

(၁) သူတစ်ပါးရဲ့ အသက်ခန္ဓာ ဆုံးရှုံးတာကို ဝမ်းမသာကောင်းပါဘူး။ ကိုယ်က ဘယ်လောက် မုန်းတီးတဲ့ ရန်သူဖြစ်ပါစေ တစ်နည်းနည်းနဲ့ သေဆုံးခဲ့ရင်၊ သို့မဟုတ် သေဆုံးတော့မယ့်အခြေအနေကို ရင်ဆိုင်နေရရင် ဝမ်းနည်းစာနာမှု မပေးနိုင်ရင်တောင်မှ ဝမ်းမသာကောင်းပါဘူး။ ဝမ်းသာလိုက်ခြင်းအားဖြင့် ကိုယ်က အဲဒီလူကို သေကျေပျက်စီးစေလိုတဲ့စိတ် ရှိနေပြီးဖြစ်တာကြောင့် ကိုယ်တိုင် လူမသတ်သော်လည်း သေစေလိုစိတ်ကြောင့် ပါဏာတိပါတကံ ထိုက်ပါတယ်။

(၂) သူတစ်ပါးရဲ့ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးခြင်းကို ဝမ်းမသာကောင်းပါဘူး။ သူ့ဘာသာ တရားသောနည်းဖြင့်ဖြစ်စေ၊ မတရားသောနည်းဖြင့်ဖြစ်စေ ပိုင်ဆိုင်ထားတာဟာ အဲဒီသူရဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံသာဖြစ်တာကြောင့် ကိုယ်က ဥပေက္ခာပြုနိုင်ရမှာ ဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ မနောကံအားဖြင့် ပျက်စီးဆုံးရှုံးစေလိုခြင်းဆိုတဲ့ ဗျာပါဒ ဒုစရိုက်စိတ်ကြောင့် အပါယ်လားတတ်ပါတယ်။ ကိုယ်တိုင် ခိုးယူ၊ ဖျက်ဆီးတာမျိုးမဟုတ်သော်လည်း အဒိန္နာဒါနာကံ ထိုက်တဲ့သဘောပါ။

(၃) သူတစ်ပါးရဲ့ ချစ်ခင်ညီညွတ်မှု ပျက်စီးခြင်းကို ဝမ်းမသာကောင်းပါဘူး။ မိမိရဲ့ မုန်းတီးစိတ်ကြောင့် လူနှစ်ဦးရဲ့ ချစ်ခင်ညီညွတ်မှုပျက်စီးတာကို ဝမ်းသာခြင်း၊ ချစ်ခင်ညီညွတ်မှုကို မနှစ်မြို့ခြင်းဆိုတဲ့ ပင်ကိုဆန္ဒတွေပါသွားတဲ့အတွက် ဗျာပါဒ ဒုစရိုက်ကံမြောက်သွားပါတယ်။ ချစ်ခင်သူနှစ်ဦးကြားမှာ စိတ်ဝမ်းကွဲသွားအောင်၊ သို့မဟုတ် မိမိကို ချစ်ခင်လာအောင် ရန်တိုက်ပေးခြင်း၊ သင့်တင့်ညီညွတ်နေသော မိတ်ဆွေတွေကို မသင့်မတင့်ဖြစ်အောင် စိတ်ဝမ်းကွဲအောင် ပြောဆိုခြင်းစတဲ့ ကုန်းတိုက်ပြောဆိုခြင်းဖြင့် ယုတ်ညံ့သော ပိသုဏာဝါစာကံ ကျူးလွန်မိတတ်ပါတယ်။

အဲဒီလိုဖြစ်ရတာဟာ မှားယွင်းတဲ့ အတွေးတွေကြောင့်ဖြစ်ပြီး မှန်ကန်သောအမြင်မရှိလို့ အဲဒီလိုပြုမူ၊ ပြောဆို လုပ်ကိုင်ဆောင်ရွက်နေကြတာပါ။ ပင်မအရင်းခံကတော့ ပညာဆိုတဲ့ အသိဉာဏ်နည်းပါးလို့ပဲ ဖြစ်ပါတယ်။ ဘာသာစကားတိုင်းမှာ "ဗာလ"ဆိုတဲ့ အသုံးအနှုန်းနဲ့ တူညီတဲ့ ဝေါဟာရမျိုးရှိပြီး "လူမိုက်"လို့ ဘာသာပြန်လေ့ ရှိကြမှာပါ။ လူမိုက်လို့ဆိုရင် ရိုင်းစိုင်းပြီးတော့ ကြမ်းတမ်းတယ်၊ လူတကာကို ဆဲရေးတယ်၊ ရိုက်နှက်တယ်ဆိုတဲ့ လူဆိုးကို လူမိုက်လို့ပဲ လူတွေက အသိများကြပါတယ်။ ဒါပေမယ့် အဲဒါမျိုးကိုသာ လူမိုက်လို့ပြောတာ မဟုတ်ပါ။ လူမိုက်ဆိုတာ လုပ်သင့်တာနဲ့ မလုပ်သင့်တာကို မသိတဲ့သူ၊ အသိဉာဏ်ကင်းမဲ့သူ၊ အသိဉာဏ်ခေါင်းပါးသူကို ပြောတာမျိုးပါ။ အဲဒီလို အသိဉာဏ် ကင်းမဲ့တဲ့ပုဂ္ဂိုလ်မျိုးဟာ အင်မတန်မှ ကြောက်စရာကောင်းပါတယ်။

အသိဉာဏ် ကင်းမဲ့လာပြီ ဆိုလို့ရှိရင် သူကိုယ်တိုင်လည်း စရိုက်ဆိုးတွေ ဝင်လာတယ်၊ သူများကိုလည်း စရိုက်ဆိုးတွေ ဖြစ်အောင် ဖြားယောင်း သွေးဆောင်တတ်လာတယ်လေ။ အသိဉာဏ်မရှိတာကို အခြေခံပြီးတော့ ဆိုးရွားတဲ့ စရိုက်တွေကို လုပ်တော့မှ လူမိုက်ကနေ လူဆိုးဖြစ်လာတယ်။ ဒါကြောင့်မို့လို့ ခိုးဆိုးတိုက်ခိုက်နေမှ လူမိုက်မဟုတ်၊ အသိဉာဏ်မရှိရင် လူမိုက်ပဲ ဖြစ်ပါတယ်။ အသိဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်ဟာ ပြောတဲ့အခါမှာဆိုရင်လည်း ကိုးရိုးကားရား၊ လုပ်တဲ့အခါမှာလည်း ကိုးရိုးကားရား၊ အဲဒီလိုမျိုးကို ဆိုလိုတာပါ။ ဗာလဆိုတဲ့ ပုဂ္ဂိုလ်မျိုးဟာ အသိဉာဏ်မရှိသည့်အတွက် စရိုက်ဆိုးတယ်။ စရိုက်ဆိုးတဲ့အတွက် မကြံအပ်တဲ့ မကောင်းတဲ့အကြံတွေ၊ အကြံဆိုးတွေကို ကြံစည်တယ်။ မပြောသင့်တဲ့စကားတွေကိုပြောတယ်။ မလုပ်သင့်တဲ့အလုပ်တွေကို လုပ်တယ်။ ဘယ်တော့ဖြစ်ဖြစ် မကောင်းတဲ့ဘက်ကို ဦးဆောင်တယ်။

မကောင်းတဲ့ဘက်ကို ဦးဆောင်တာကို အကောင်းထင်ပြီး ကိုယ်ကျင့်တရား ပျက်ပြားမှုမှာ ရှေ့ဆောင်ရှေ့ရွက်လုပ်တတ်တယ်။ ကောင်းတာပြောလည်း လက်ခံနာယူနိုင်ခြင်းမရှိဘဲ စိတ်ဆိုးတတ်တယ်။ ဒါတွေဟာ လူမိုက်တွေရဲ့ သဘောထားတွေပဲဖြစ်ပါတယ်။ သူတို့ဟာ လူမှုရေးလည်း နားမလည်ဘူး။ လူရဲ့ကိုယ်ကျင့်တရားကိုလည်း နားမလည်ဘူး။ မိကောင်းဖခင် သားသမီးတိုင်းမှာ ကောင်းမြတ်တဲ့ အကျင့်တရားတွေဆိုတာရှိတယ်။ ကိုယ်ကျင့်တရားနဲ့စပ်လျဉ်းလို့ သွန်သင်ထားမှုတွေ၊ လူ့စည်းကမ်းတွေ ရှိတယ်။ Human dignity ခေါ်တဲ့ လူရဲ့ဂုဏ်သိက္ခာတွေဆိုတာရှိတယ်။ အဲဒါမျိုးကို လူမိုက်က ဘာတစ်ခုမှ ဂရုမစိုက်ဘူး၊ ဘာတစ်ခုမှ မသိဘူးလို့လည်း ဆရာတော်ကြီးက ဟောကြားခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံသား လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ချင်းစီတိုင်းဟာ ရှေ့မှာဖော်ပြထားပြီးဖြစ်တဲ့ ကောင်းတဲ့အမှုတွေကို ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုနိုင်ရင်တောင်မှ လူ့ဗာလတစ်ဦးရဲ့ အမူအကျင့်မျိုးတွေကို ရှောင်ကြဉ်နေထိုင်သွားမယ်ဆိုရင် နိုင်ငံအတွင်း မှီတင်းနေထိုင်နေကြတဲ့ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းနဲ့ နေထိုင်လုပ်ကိုင် စားသောက်နိုင်လာမှာဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေမှာဖြစ်သလို ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်မှာလည်း ဖြစ်ပါတယ်။ ဒီလိုဆိုရင် နိုင်ငံတော်ကြီး သာယာဝပြောမှုရှိလာမှာ ဧကန်မလွဲ ဖြစ်ပါတယ်။ ဒ့ါအပြင် လူ့ဗာလတွေရဲ့ မြေပြင်နဲ့ On Line ပေါ်ကတစ်ဆင့် လုပ်ဆောင်မှုတွေကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ပုံရိပ် Image ထိခိုက်မှုအပေါ်မှာလည်း ဟန့်တားကာကွယ်တားဆီးပြီးသားဖြစ်ပြီး Public Diplomacy နဲ့ Digital Diplomacy ကဏ္ဍများအတွက်ပါ တစ်ဖက်တစ်လမ်းမှ အကျိုးကျေးဇူး ရရှိနိုင်မှာလည်း ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံမှာ ရည်ရွယ်ချက် (၄)ရပ်ဖြင့် တည်ထားကိုးကွယ်နေသော မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရဲ့ ကျေးဇူးတော်ကြောင့် ဗုဒ္ဓရဲ့မေတ္တာဓာတ်တွေ ကမ္ဘာအနှံ့ ဖြန့်ကြက်လွှမ်းခြုံသွားပြီး ကမ္ဘာသူ ကမ္ဘာသားအားလုံး ကိုယ်စိတ်နှလုံးသုံးပါး အေးငြိမ်းချမ်းသာ ဖြစ်စေနိုင်မှာဖြစ်ကာ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးဖြစ်စေရေးအတွက်လည်း များစွာအထောက်အပံ့ ဖြစ်စေမှာလည်းဖြစ်ပါကြောင်း "ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" ဆိုတဲ့ စိတ်ထားမျိုးဖြင့် တင်ပြလိုက်ရပါတယ်။ ။

# လေးမြို့မြစ် ရေကြီးမှုကြောင့် ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများထောက်ပံ့

**မင်းပြား ဩဂုတ် ၁၀**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ လေးမြို့မြစ်ရေကြီးမှုကြောင့် နေအိမ်များရေနစ်မြုပ်မှုကြောင့် ဘေးလွတ်ရာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံများ၌ ခေတ္တခိုလှုံခဲ့ရသည့် ရေဘေးသင့်ပြည်သူများအား ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က စားသောက်ဖွယ်ရာများပေးအပ်ပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းက ဓမ္မမေတလင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။(ယာဉ်)

အခမ်းအနားတွင် မင်းဘာကြီးရပ်ကွက်ရှိ ရေဘေးသင့်ဒေသခံပြည်သူများအတွက် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ထောက်ပံ့သည့်ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးစိုးမိုးနှင့်အဖွဲ့ဝင်များက ရေဘေးသင့်အိမ်ထောင်စု ၂၁၄၆ စု၊ လူဦးရေ ၁၀၁၁၂ ဦးအတွက် သုံးရက်စာ ဆန်ရိက္ခာနှင့် အသင့်စားဒံပေါက်၊ မာမီး ခေါက်ဆွဲခြောက်များကို ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သောင်းရွှေ (ပြန်/ဆက်)**



# အုတ်တွင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပွား

**အုတ်တွင်း ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း ဩဂုတ် ၇ ရက် ညနေပိုင်းမှစတင်၍ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဖြစ်စဉ်ကြောင့် ကြက်သွန်ခင်း (၂) ရပ်ကွက်ရှိ တိုက်ကျောင်း ဘုန်းတော်ကြီးကျောင်းအုတ်တံတိုင်း ပေ ၆၀ ခန့် ပြိုကျသွားကြောင်း၊ တဲကြီးကုန်းကျေးရွာမှ စာသင်ကျောင်း (ဝဲပုံ)နှင့် ဘုန်းတော်ကြီးကျောင်းများ၌ ရေဝင်ရောက်နေသဖြင့် စာသင်ကျောင်းအား ယာယီပိတ်ထားကြောင်းနှင့် အုန်းပင်ကျေးရွာအုပ်စု ဇီးဖြူခင်ကျေးရွာရှိ စိတ်တောင်းမြစ်ကမ်းပါး ၁၀ ပေခန့် ပြိုကျသည့်အတွက် မြစ်ကမ်းဘေး နေအိမ်သုံးလုံးရှိ မိသားစုများအား နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ ပြောင်းရွှေ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# မအီမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်အချို့ ရေနစ်မြုပ်မှုဖြစ်ပွား

**မအီ ဩဂုတ် ၁၀**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့၌ သုံးရက်ခန့်အကြာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့၍ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တို့၌ လူနေအိမ်အချို့မှာ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေနစ်မြုပ်မှုမှာ မအီချောင်းအတွင်းမှ တောင်ကျရေ မြင့်တက်လာမှုကြောင့် ရပ်ကွက်များအတွင်းသို့ ရေကျော် ဝင်ရောက်လာခြင်း မဟုတ်ဘဲ ရပ်ကွက်များအတွင်း အချို့နေရာများ၌ ရေမြောင်းများ/ ရေထွက်ပေါက်များ ပိတ်ဆို့နေခြင်းကြောင့် နစ်မြုပ်ရခြင်းဖြစ်ကြောင်း မြို့စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။ ဖော်ပြပါ မြို့တွင်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြေတူးစက် ဘက်ဟိုးယာဉ်များ အသုံးပြု၍ တစ်မြို့လုံးနီးပါး တူးဖော်ခဲ့ကြောင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ကြစေလိုကြောင်း မအီမြို့ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးညီညီလွင်က ပြောကြားသည်။

ဖော်ပြပါ မိုးသည်းထန်စွာရွာသွန်း၍ ရေနစ်မြုပ်ခဲ့သည့် အိမ်ထောင်စုများကိုရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရှိပြီးဖြစ်ကြောင်း၊ ယခုအခါတွင် ရေကျလာပြီဖြစ်၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက အဆိုပါအိမ်ထောင်စုများမှာ မကြာမီကာလ၌ မိမိတို့နေအိမ်များသို့ ပြန်လည် ပြောင်းရွှေ့နေထိုင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ငွေ(ပြန်/ဆက်)**



# ကမမောင်းမြို့၌ သံလွင်မြစ်ရေကြီးမှုကြောင့် အိမ်ထောင်စု ၁၁၀ မှ မိသားစုဝင် ၄၉၅ ဦး ဘေးလွတ်ရာ ပြောင်းရွှေ့

**ကမမောင်း ဩဂုတ် ၁၀**

ကရင်ပြည်နယ် ကမမောင်းမြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး သံလွင်မြစ်ရေကြီးမှုကြောင့် ကမမောင်းမြို့၌ ယနေ့နံနက်ပိုင်းအထိ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းတို့တွင် ရေဘေးသင့်အိမ်ထောင်စု ၁၁၀၊ လူဦးရေ စုစုပေါင်း ၄၉၅ ဦးတို့ကို ဘေးလွတ်ရာသို့ ယာယီပြောင်းရွှေ့ထားကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းတို့တွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား အစားအသောက်နှင့်ရေများ ပေးဝေခဲ့ပြီး ဘေးသင့်ပြည်သူများ အဆင်ပြေစွာနေနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ရေလွှမ်းနေသော မြို့ပေါ်ရပ်ကွက်များအတွင်း မပြောင်းရွှေ့ရသေးသော ပြည်သူများ ဘေးကင်းလုံခြုံမှုရှိ မရှိ လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်၌ အတ္တရံမြစ်ရေကြီးမှုကြောင့် ကျောင်း ၁၂ ကျောင်း ယာယီပိတ်ထား

**ကျိုက်မရော ဩဂုတ် ၁၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းပြီး အတ္တရံမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းဘေးအနိမ့်ပိုင်းရှိ ရပ်ကွက်များနှင့် ကျေးရွာအချို့တို့၌ မြစ်ရေများစတင်ဝင်ရောက်နေသဖြင့် ဦးလေးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ဝေပြေမကျေးရွာရှိ အထက(ခွဲ)ကျောင်း၊ အလက မယ်ကရိုကျောင်း၊ အထက(ခွဲ) ကျိုက်မရောကျောင်းအပါအဝင် အခြေခံပညာမူလတန်းကျောင်း စုစုပေါင်း ၁၂ ကျောင်းတို့ကို ကျောင်းပိတ်ရက်နှစ်ရက် ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဘေးအသိပညာပေး

## ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။

၂။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။ (ဥပမာ - အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)

၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ။

၄။ မိမိပတ်ဝန်းကျင်ရှိမြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။

၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။

၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။

၂။ တောင်ပေါ်ဒေသများ၊ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက် ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုပါ။

၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။

၅။ သက်ဆိုင်ရာ အစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။

၃။ သောက်သုံးရေသန့် (သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။

၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ။

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။

၂။ ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်။

၃။ ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။

၄။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

# အီကွေဒေါနိုင်ငံ၌ သမ္မတရွေးကောက်ပွဲဝင်သူ ဖာနန်ဒို ဗီလာဗီဆန်စီအို လူထုစည်းဝေးပွဲတစ်ခုပြုလုပ်စဉ် ပစ်သတ်ခံရ



**ကွီတို ဩဂုတ် ၁၀**

ယခုလနှောင်းပိုင်းတွင် သမ္မတရွေးကောက်ပွဲအတွက် အီကွေဒေါနိုင်ငံ၏ ရွေးကောက်ပွဲဝင်သူ ဖာနန်ဒို ဗီလာဗီဆန်စီအိုသည် အီကွေဒေါနိုင်ငံ၏ မြို့တော် ကွီတိုမြို့၌ နိုင်ငံရေးဆိုင်ရာ လူထုစည်းဝေးပွဲတစ်ခု ပြုလုပ်ပြီးနောက် လက်နက်ကိုင်တိုက်ခိုက်မှုကြောင့် ဩဂုတ် ၉ ရက်က သေဆုံးခဲ့ကြောင်း အီကွေဒေါ သမ္မတ ဂီလာမို လက်ဆိုက အတည်ပြုပြောကြားသည်။

လုံခြုံရေးဆိုင်ရာအစိုးရအဖွဲ့သည် အစိုးရရုံးစိုက်ရာ ကာရွန်ဒလက်နန်းတော်၌ တွေ့ဆုံမည်ဖြစ်ပြီး အမျိုးသားရွေးကောက်ပွဲကောင်စီဥက္ကဋ္ဌ ဒီယာနာ အက်တာမင့်၊ ပြည်နယ်ရှေ့နေချုပ် ဒီယာနာ ဆာလာဇာတို့နှင့် အခြားသောနိုင်ငံ၏အာဏာပိုင်အဖွဲ့များမှ တာဝန်ရှိသူများ အစည်းအဝေး တက်ရောက်ရန် တောင်းဆိုထားကြောင်း သမ္မတက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုမှာ ဩဂုတ် ၂၀ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲမတိုင်မီ ၁၁ ရက်အလို ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဟာဝိုင်ယီပြည်နယ်ရှိ မော်အီကျွန်းတောမီးကြောင့် လူပေါင်း ၃၆ ဦးထက်မနည်း သေဆုံး

**ဟာဝိုင်ယီ ဩဂုတ် ၁၀**

ဟာဝိုင်ယီပြည်နယ်ရှိ မော်အီကျွန်း တောမီးကြောင့် လူပေါင်း ၃၆ ဦး ထက်မနည်းသေဆုံးခဲ့ပြီး ၂၁၀၀ ကျော် ဘေးလွတ်ရာသို့ပြောင်းရွှေ့ခဲ့ရသည်။



တောမီးများ ပျံ့နှံ့လောင်ကျွမ်းနေသည်ကို ကြောက်မက်ဖွယ် တွေ့ရစဉ်။

**လေပြင်းများတိုက်ခတ်**

ဩဂုတ် ၈ ရက်တွင် ဟာဝိုင်ယီပြည်နယ်ရှိ ကျွန်းအတော်များများ၌ တောမီးလောင်မှုများ ဖြစ်ပွားခဲ့သည်။ တစ်ဆက်တည်း ဖြစ်ပေါ်နေသည့် သွယ်တန်းနေသော ကျွန်းများ၏ တောင်ဘက်ကို ဖြတ်ကျော် တိုက်ခတ်လာသော ဟာရီကိန်း မုန်တိုင်းကြောင့် လေပြင်းများ တိုက်ခတ်ခဲ့ပြီး တောမီးများ လျင်မြန်စွာကူးစက်ပျံ့နှံ့လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူ ၁၁၀၀၀ သည် ဩဂုတ် ၈ ရက်က မော်အီကျွန်းကို စွန့်ခွာခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ကျွန်းပေါ်၌ မီးတောက်များသည် ခရီးသည်များ လာရောက်အပန်းဖြေရာ ဟာဝိုင်ယီပြည်နယ်၏မြို့တော်ဖြစ်ခဲ့ဖူးသော လာဟိုင်နာမြို့လယ်အထိ ရောက်ရှိလာပြီဖြစ်သည်။

**ဂျပန်ဘုရားကျောင်း မီးစွဲ**

ဂျပန်ဘုရားကျောင်းနှင့် နှစ်ပေါင်း ၁၀၀ ကျော်ရှိသော သစ်ပင်ကြီးများ မီးစွဲလောင်ခဲ့ကြောင်း ဒေသမီဒီယာများတွင် သတင်းများ ဖော်ပြခဲ့သည်။

**၁၂ ဦးကို ကယ်ဆယ်**

မီးခိုးငွေ့များမှ ဘေးလွတ်ရာ ပင်လယ်ဘက်သို့ တိမ်းရှောင်ထွက်ပြေးခဲ့သူ ၁၂ ဦးကို ကယ်ဆယ်ခဲ့ကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

**ကယ်ဆယ်ရေးလုပ်ဆောင်**

ကျွန်းပေါ်တွင် မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှားနိုင်ငံ၌ လူကုန်ကူးမှုဟု သံသယရှိသူ လူပေါင်း ၉၀၀ နီးပါးကို ဖမ်းဆီး

**ဂျကာတာ ဩဂုတ် ၁၀**

အင်ဒိုနီးရှားမှ ရဲတပ်ဖွဲ့က လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သည့်နှစ်လအတွင်း ရာဇဝတ်မှုနှင့် ဆက်စပ်၍ လူပေါင်း ၉၀၀ နီးပါးကို ဖမ်းဆီးခဲ့သည်ဟု သိရသည်။

ဇွန်လအစောပိုင်းမှစတင်ကာ လူကုန်ကူးမှုသံသယရှိသူ လူပေါင်း ၈၉၅ ဦးကို လူကုန်ကူးမှုတားဆီးရေးရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ပြီး ၎င်းတို့ကြောင့် နစ်နာသူ ၂၀၀၀ ကျော် ထိခိုက်ခံစားခဲ့ရသည်ဟု နိုင်ငံ၏ အမျိုးသားရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အာမက်ရာမဒန်က ဩဂုတ် ၁၀ ရက်တွင် ပြောသည်။

ရဲတပ်ဖွဲ့အစီရင်ခံစာအရ ကယ်တင်ခံရသူပေါင်း ၂၈၃ ဦးရှိသည်ဟု ၎င်းကပြောသည်။ ကမ္ဘာ့စတုတ္ထ လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် အလုပ်သမားတင်ပို့မှုအများဆုံးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်သည်။ လူကုန်ကူးခံရသူများမှာ လစာကောင်းကောင်းရမည်ဟု ဆွဲဆောင်ကာ အိမ်အကူနှင့် လေ့ထိုးသားများ အဖြစ်လုပ်ကိုင်ရန် ဆွဲဆောင်ခံရသူများဖြစ်သည်ဟု ၎င်းကပြောသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်းခါနွန် ဝင်ရောက်တိုက်ခတ်မှုကြောင့် ၁၄ ဦး ဒဏ်ရာရ

**တိုကျို ဩဂုတ် ၁၀**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူရှူကျွန်းသို့ တိုင်ဖွန်းမုန်တိုင်း ခါနွန် ဝင်ရောက်တိုက်ခတ်မှုကြောင့် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ ဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၁၄ ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် ဩဂုတ် ၁၀ ရက်က ဖော်ပြခဲ့သည်။

**၁၄ ဦးထက်မနည်း ဒဏ်ရာရရှိ**

ဆိုးရွားသည့် ရာသီဥတုကြောင့် ၁၄ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ ကျူရှူကျွန်း၌ မိုးများ စံချိန်တင်ရွာသွန်းခဲ့ပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ခြေများကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြထားသည်။ အပူပိုင်းမုန်တိုင်းကြောင့် ကျူရှူကျွန်း၌ နေအိမ်ပေါင်း ၁၂၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသည်။



**ကယ်ဆယ်ရေးအမိန့်ထုတ်ပြန်**

ကျူရှူကျွန်း၌ ဒေသခံအစိုးရက ကယ်ဆယ်ရေးအမိန့်များ ထုတ်ပြန်ထားပြီး လူပေါင်း ၆၀၀၀ မှာ ကူမာမိုတို၊ နာဂါဆာကီ၊ မီယာဇာကီနှင့် ကာဂိုရှီမားခရိုင်တို့ရှိ ကယ်ဆယ်ရေး ခိုလှုံရာနေရာများတွင် နားခိုနေရသည်။ ကျွန်းများပေါ်သို့ မုန်တိုင်းဆက်လက်တိုက်ခတ်နေသဖြင့် ရာသီဥတုနှင့်ဆက်နွှယ်သည့် သဘာဝဘေးများ ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးထားသည်။ ဆင်ဟွာ

# အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၌ တောမီးကြောင့် တိုက်ခန်းတွဲအဆောက်အအုံတစ်လုံး မီးလောင်

**ဟူစတန် ဩဂုတ် ၁၀**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် အော်စတင်မြို့ မြောက်ပိုင်းရှိ စီဒရာပျံခ်မြို့၌ ဩဂုတ် ၉ ရက်က တောမီးလောင်မှုဖြစ်ပွားခဲ့ရာ မြေ ဧက ၅၀ ခန့် မီးလောင်ခဲ့ရသည်။

ထို့ပြင် လူနေတိုက်ခန်းတွဲ အဆောက်အအုံတစ်လုံးလည်း မီးလောင်ခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ လူနေတိုက်ခန်း တစ်ခန်း၊ နေအိမ် ၉၅ လုံးနှင့် အနီးအနားရှိ စီးပွားရေးလုပ်ငန်းများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဩဂုတ် ၈ ရက်ကတည်းက အမိန့်ထုတ်ထားခဲ့ကြောင်း စီဒရာပျံခ် ရဲဌာနက သတင်းထုတ်ပြန်သည်။

တောမီးကြောင့် လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လက်ရှိ တက္ကဆက်ပြည်နယ်၌ စီဒရာပျံခ်အပါအဝင် တောမီးလောင်မှုပေါင်း ၁၁ ခုရှိနေပြီး ဩဂုတ် ၉ ရက်တွင် စီဒရာပျံခ်ရှိ တောမီးကို ကျယ်ကျယ်ပြန့်ပြန့် ငြိမ်းသတ်နိုင်ခဲ့သည်။ ပြည်နယ်အတွင်းရှိ တောမီးလောင်မှုများ၏အခြေအနေများကို တက္ကဆက်အေအန်အမ် သစ်တောဝန်ဆောင်မှုမှ စောင့်ကြည့်လျက်ရှိသည်။

တက္ကဆက်ပြည်နယ်အတွင်းရှိ တောမီးများမှာ ယခင်နှစ်ကလောက် ပြင်းထန်ခြင်းမရှိကြောင်း၊ ယခင်နှစ်က တက္ကဆက်ပြည်နယ်အတွင်း မြေဧကပေါင်း ၅၃၈၀၀၀ မီးလောင်ပျက်စီးခဲ့ရကြောင်း၊ ယခုနှစ်တွင်မူ မြေဧကပေါင်း ၅၅၀၀၀ မီးလောင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ



# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၀ ဒသမ ၄၆၉၂ တန်၊ သစ်မာ ၄ ဒသမ ၄၁၈၀ တန်၊ အခြား ၂၆ ဒသမ ၄၅၇၇ တန် စုစုပေါင်း ၆၁ ဒသမ ၃၄၄၉ တန်၊ ယာဉ်/ ယန္တရား ခြောက်စီး၊ တရားခံ ၁၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ရေနံစိမ်းနှင့်လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က(၁၆)မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နှမ်းနက် အိတ် ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Tun Light Truck Pickup တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထီးတန်းဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အပြင် ဩဂုတ် ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ထားဝယ်-မြိတ်ကားလမ်း ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nylon Rope ၆၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Fire Hose Wheel with Cabinet ၃၀၂၉ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၇၅၈၅၆) ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခုနစ်လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် Bolt And Nut ၁၂၅ တန် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀) နှင့် သွင်းကုန်လိုင်စင် လိုအပ်သော Perforated Metal Sheet ၂၀၂၆၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၄၃၆၄၅) ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန် လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Color Coated Aluminium Coil ၂၂၀၁၃ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၁၈၆၇၄၆)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၀၁၀၆၂၄၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် မကွေးမြို့ မြို့မအိုးဘိုရပ်ကွက် ရေဝတီ လုံခြုံရေးဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)၊ ဩဂုတ် ၉ ရက်တွင် မကွေးမြို့ ကန်ပြားကျေးရွာအနီး၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) နှင့် ငဖဲမြို့နယ် နတ်ရေကန် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Suzuki SWIFT မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်း ကောင်း၊ ချောက်မြို့ အမှတ်(၃)နယ်မြေ ရွာမရပ်ကွက်၌ တရားမဝင် ရေနံစိမ်း ၁၃၃ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၀၀၀) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၉၉၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၄၅၀၅၂၄၇) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ လုပ်သားကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးနိုင်က "အလုပ်သမားဝန်ကြီးဌာန အနေနှင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ကို ဖွဲ့စည်းထားရှိပြီး ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် စီမံချက်များရေးဆွဲအကောင် အထည်ဖော်လျက်ရှိကြောင်း၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ) တွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းနှင့် အထည်ချုပ်သင်တန်းများကို ဖွင့်လှစ်ပေး သွားမည်ဖြစ်ကြောင်းနှင့် NSSA ၏ လုပ်ငန်းစဉ် တစ်ခုဖြစ်သည့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် ဝင်ရောက်စစ်ဆေး အကဲဖြတ်ခံပြီး နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရယူကြရန်" တိုက်တွန်းပြောကြားသည်။

အဆိုပါ သင်တန်းကို နိုင်ငံတော်၏ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊ နိုင်ငံအတွင်း လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိသော ကျွမ်းကျင်အလုပ်သမားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းနည်းပြဆရာနှစ်ဦးဖြင့် သင်တန်းသား ၂၅ ဦးအား ဩဂုတ် ၉ ရက်မှ စက်တင်ဘာ ၆ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစ်ကြီးနားနှင့် ကွတ်ခိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၉ ရက် ညနေ ၄ နာရီတွင် မြစ်ကြီးနားမြို့နယ် မလိခကျေးရွာအုပ်စု နမ့်ခမ်းကျေးရွာ အနီးရှိ (၂၁)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် HINO အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၉၉ ကီလို ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက်ရှိ ကွတ်ခိုင်– ကောင်းခါးသွား ကားလမ်းတွင် မာလမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ကသာမြို့ သာယာလှပရေး ပန်းပင်များစိုက်ပျိုးပြီး လူသွားစင်္ကြံ တည်ဆောက်



**ကသာ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲ/ယာတွင် အလှပန်းပင်များစိုက်ပျိုးခြင်း၊ လူသွားစင်္ကြံများ တည်ဆောက်နေကြောင်း သိရသည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၁၂၀ ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ လက်ထောက်အင်ဂျင်နီယာ ဦးကြာလင်း ကြီးကြပ်ပြီး အရှည်ပေ ၅၁၀၊ အကျယ် ခြောက်ပေရှိ လူသွားစင်္ကြံကို ကသာ–အင်းတော်လမ်းဘေး၊ လျှပ်စစ်ရုံးအနီးတွင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ကသာမြို့နယ် စည်ပင်သာယာအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသောအီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့်ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၈ | ၂၂၇၆ |
| 95 Ron | ၂၃၀၆ | ၂၃၈၆ |
| HSD (500 ppm) | ၂၃၈၁ | ၂၄၅၈ |
| HSD (50 ppm) | ၂၄၅၅ | ၂၅၃၄ |
| HSD (10 ppm) | ၂၄၅၅ | ၂၅၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၁၀

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# သမုဒ္ဒဂီရိမြို့၊ မိုခါမုန်တိုင်းနှင့် ပြိုင်တူတွန်းလှျင် ရွှေ့နိုင်ပါသည် ( ၂ )

ဝထကလသ (နတလ)

သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာထားသည်မှာ ရခိုင်ပြည်နယ်မှ ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ၊ အမ်း၊ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနှင့် မြေပုံမြို့နယ်များ၊ ချင်းပြည်နယ်မှ တီးတိန်၊ ပလက်ဝ၊ မတူပီနှင့် ဟားခါးမြို့နယ်များဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အားယူနေဆဲဒေသဖြစ်သဖြင့် ပျက်စီးမှုပမာဏအတွက် ဒေသတွင်းလိုအပ်သော စားသောက်ကုန်နှင့် တည်ဆောက်ရေးပစ္စည်းများမှာ လိုအပ်သည့် အရေအတွက် မရှိခဲ့။ မလုံလောက်ခဲ့။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် စစ်တွေ - ပလ္လင်ပြင်လမ်းပေါ်ရှိ သဲချောင်းတံတားအား ကြည့်ရှုစစ်ဆေးစဉ်။

မိုခါမုန်တိုင်းပြီး နောက်တစ်ရက် နေ့ပူကျဲကျဲတွင် စစ်တွေမြို့တွင်းလမ်းပေါ် ကန့်လန့်ဖြတ်လဲကျနေသည့် သစ်ပင်ကြီးများကို ChainSaw ဖြင့် ဖြတ်တောက်ရှင်းလင်းပေးနေသည့် လုပ်အားပေးအဖွဲ့တစ်ဖွဲ့မှာ ရေရရှိရန်အခက်အခဲပင် ကြုံခဲ့ကြရပါသည်။

ဤသို့အရေးပေါ်အချိန်ကာလတွင် ဒေသသားအချင်းချင်းဖြစ်၍ စာနာလှပါသည်ဆိုသော စကားလုံးများဖြင့် နှစ်သိမ့်ကြ၊ အားပေးကြ၊ စိတ်မကောင်းဖြစ်ပြကြရုံဖြင့် မလုံလောက်။ ရေဆာနေသူကို ရေတိုက်ရပါမည်။ ရေဆာပြေဖို့ ဆုတောင်းပေး၍ မရနိုင်။ မိမိတို့ တတ်နိုင်သည့်ကဏ္ဍမှ ပူးပေါင်းပါဝင် ဖြည့်ဆည်းပေးရန် လိုအပ်သည့်ကာလ ဖြစ်ပေသည်။

### မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ

ထို့ကြောင့် လိုအပ်သော ဆန်၊ ဆီအပါအဝင်အခြေခံစားကုန်များ၊ စားသောက်ဖွယ်များ၊ သောက်ရေသန့်များ၊ မြက်ဖြတ်စက်၊ မိုးကာစ၊ သွပ်၊ သံ၊ ဘိလပ်မြေ၊ Chainsaw စသည့် တည်ဆောက်ရေးပစ္စည်းများအား ရန်ကုန်မှ ဝယ်ယူပေးပို့ရပါသည်။ လိုအပ်ချက်ပမာဏ ကြီးမားလွန်းလှသဖြင့် ဌာနပေါင်းစုံနှင့် ကုန်သည်ပေါင်းစုံတို့က အလုအယက်ဝယ်ယူကြသည်။ ဝယ်လိုအား များလွန်းသဖြင့် ပစ္စည်းများအားလုံးလိုလို ဈေးမြင့်တက်သွားသည်။ မြေပြင်တွင်လည်း ပစ္စည်းများ ပြတ်လပ်ကုန်ကြပါသည်။

သို့သော် အချိန်မီမရောက်ရှိပါက လေဘေးဒဏ်ခံ ပြည်သူများ ပို၍ဒုက္ခရောက်တော့မည်။ ထို့ကြောင့် ထောက်ပံ့ပေးရန်နှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို ရသည့်ဈေးဖြင့် ဝယ်ယူပြီး လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းအနက် အစောဆုံးရောက်ရှိနိုင်သည့်ခရီးဖြင့် အချိန်မီပို့ဆောင်ပေးရသည်။

အမိုးသွပ်များကို စက်ရုံများအထိ တိုက်ရိုက်သွားဝယ်ရသည်။ သွပ်တစ်ပေ ဈေးနှုန်း၊ တစ်ချပ်ဈေးနှုန်းများ နှစ်ဆခန့် တက်ကုန်သည်။ ပထမဝယ်ယူလိုသူက ဈေးနှုန်းမေး၍ အတည်ပြုနေတုန်းရှိသေးသည်။ နောက်ကဝယ်မည့်သူတွေက ထပ်ရောက်လာသည်။ ထပ်ရောက်လာသည့် ဝယ်သူတွေက ဈေးပိုပေးကြသည်။ ထို့ကြောင့် ဆိုဈေးဖြင့် မဖြစ်မနေဝယ်ယူရသည်။

ရန်ကုန်မှ စစ်တွေသို့ ကုန်ပစ္စည်းများပို့ဆောင်ခ၊ ကားငှားရမ်းခ၊ သင်္ဘောငှားရမ်းခ စသည့်သယ်ယူပို့ဆောင်ရေးစရိတ်များသည်လည်း လမ်းခရီးနှင့် ရာသီဥတုအခြေအနေကို အကြောင်းပြလျက် သုံးဆခန့် ခုန်တက်သွားသည်။ အဓိကလိုအပ်၍ မှာယူသောပစ္စည်းများမှာ ရန်ကုန်တွင် ရက်ပိုင်းအတွင်း ကုန်ပစ္စည်းများပြတ်သွားသည်။ ကုန်ကြမ်းပြတ်သွားပြီ။ "မန္တလေး" က မှာရမည်၊ "မူဆယ်" ကမှာရမည်၊ "မြဝတီ" က မှာရမည်ဟု ဆိုပြန်သည်။ Transportation Charges ကို အကြောင်းပြလျက် ဈေးနှုန်းများက ပိုမြင့်တက်သွားပြန်သည်။ ဝယ်လိုအားများလာသောအခါ ဖြစ်လေ့ဖြစ်ထရှိသည့် ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်ပေသည်။ **"တစ်နွယ်ငင် တစ်စင်ပါ"** ဆိုသလို စစ်တွေ မိုခါမုန်တိုင်း၏ ဂယက်ရိုက်မှုဒဏ်ကား တစ်နိုင်ငံလုံးကို ပျံ့နှံ့စေပါသည်။

■ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များက အင်တိုက်အားတိုက် စွမ်းစွမ်းတမံ ပါဝင်ခဲ့ကြသည်။ အချို့ကယ်ဆယ်ရေးအဖွဲ့ဝင်များ အသက်ပေးခဲ့ရကြောင်း ကြားသိရသည့်အခါ စိတ်မကောင်းဖြစ်မိ

### ရှေးမင်းများလက်ထက်

ဤကဲ့သို့သော ဖြစ်စဉ်မျိုးမှာ ယခုမှမဟုတ်၊ မြန်မာ့သမိုင်းတွင် ရှေးကတည်းက ရှိခဲ့ဖူးပါသည်။

သီရိနန္ဒသူရဓမ္မရာဇာဘွဲ့ခံ ပင်းတလဲမင်း (မင်းရဲနန္ဒမိတ်) (၁၆၄၈ – ၁၆၆၂) သည် ဖခင်သာလွန်မင်း နတ်ရွာစံပြီးနောက် အင်းဝထီးနန်းကိုစိုးစံသည်။ မန်ချူးတို့သည် တရုတ်ပြည်အား သိမ်းပိုက်ပြီးနောက် ချန်အင်ပါယာကို စတင်ထူထောင်ခဲ့သည်။ ၁၆၆၀ ပြည့်နှစ်တွင် တရုတ်ဟန်လူမျိုးတို့၏ နောက်ဆုံးဧကရာဇ်ဖြစ်သည့် ယုံလီအား ဖမ်းဆီးရန် အကြောင်းပြု၍ မင်းမင်းဆက်၏ စစ်သူကြီးဖြစ်ခဲ့သူ စစ်သူကြီး ဝူဆန်ကွေ့ဦးဆောင်သည့် တပ်အင်အား ၁၅၀၀၀ နှင့်အတူ အင်းဝနေပြည်တော်သို့ ရောက်ရှိလာခဲ့သည်။ အင်းဝကို ဝိုင်းထားကြသည်။ စစ်သူကြီး မင်းသီရိခေတ္တရာကိုယ်တိုင် ဦးဆောင်၍ မန်ချူးတပ်များကို ကြံ့ကြံ့ခံလေသည်။ ၁၆၆၁ ခုနှစ် မေလတွင် ညီတော်ပြည်မင်းက တိုက်စစ်ဖွင့်၍ မန်ချူးတို့၏ တိုက်စစ်ကို ရပ်တန့်နိုင်ခဲ့လေသည်။

ထိုအချိန် အင်းဝနေပြည်တော်၌ အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်။ မန်ချူးတပ်များ ဝိုင်းထားစဉ် မြို့တော်အတွင်း စားနပ်ရိက္ခာ ပြတ်တောက်သွားသည်။ ဘေးအန္တရာယ်ကို အကြောင်းပြု၍ အမြတ်ထုတ်ရန် ကြိုတင်တွေးမြင်တတ်သော ကုန်သည်များက စားသောက်ကုန်များကို မြေအောက်၌ သိုလှောင်ထားကြသည်။ ထုတ်ရောင်းရာ အကျိုးအမြတ်များစွာ ရကြလေသည်။ ပြည်သူလူထုမှာ စစ်ဘေး၊ စားသောက်ရေး ခက်ခဲရှားပါးမှုဘေးကြောင့် ဒုက္ခများစွာ ရောက်ကြရသည်။

စီးပွားရေးသောင်းကျန်းကြသော ကုန်သည်များအကြောင်း သိရသောအခါ အင်းဝဘုရင်သည် အမျက်ဒေါသထွက်ပြီး ပြည်သူလူထု အငတ်ဘေးကြုံတွေ့စဉ် အမြတ်ကြီးစားဖြင့် ရောင်းချနေသော စားသောက်ကုန်များအားလုံးကို မင်းအမိန့်ဖြင့် ရှာဖွေသိမ်းဆည်းစေပြီး အငတ်ဘေးကြုံတွေ့နေရသော ပြည်သူလူထုကို ဝေငှပေးခဲ့ရလေသည်။

ဤသို့ "မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ " ဆိုသလို "သူများဒုက္ခရောက်လေ ကြိတ်၍ဝမ်းသာနေသူများ" ခေတ်အဆက်ဆက် ရှိခဲ့ဖူးပါသည်။

### ပေးဆပ်ခြင်းများ

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များက အင်တိုက်အားတိုက် စွမ်းစွမ်းတမံ ပါဝင်ခဲ့ကြသည်။ အချို့ကယ်ဆယ်ရေးအဖွဲ့ဝင်များ အသက်ပေးခဲ့ရကြောင်း ကြားသိရသည့်အခါ စိတ်မကောင်းဖြစ်မိပါသည်။

နေအိမ်အဆောက်အအုံတွေအပေါ် လဲကျပိမိနေသည့် သစ်ပင်ကြီးငယ်တွေ၊ လမ်းပိတ်ဆို့နေသော သစ်ပင်သစ်ကိုင်းတွေကို Chain Saw အသုံးပြုပြီး ဖယ်ရှားရှင်းလင်းကြသည်။ လဲကျနေသည့် ဓာတ်တိုင်များ၊ ပြိုကျနေသည့် သံထည်အဆောက်အအုံများ၊ တာဝါတိုင်များကို Engine Cutter၊ Hydraulic Cutter များ အသုံးပြုဖြတ်တောက်ရသည်။ သင်္ဘောများနှင့် ရေကြောင်းမှ သယ်ယူလာသည့် ဌာနဆိုင်ရာအသီးသီး၏ ယာဉ်/ယန္တရားအကူအညီများဖြင့် သယ်ယူဖယ်ရှား ရှင်းလင်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် မြေထိုးစက်၊ မြေတူးစက်၊ မြေကော်စက်များကို သင်္ဘောဖြင့် အချိန်မီပို့ဆောင်ပေးနိုင်ခဲ့ပြီး ယခုအခါ လုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီ ဖြစ်ပါသည်။

မုန်တိုင်းပြီး နေအရှိန်သည် ပို၍ပူတတ်ပါသည်။ နားခိုရန် အရိပ်မရှိသော နေပူပူတွင် နိုင်ငံ့ဝန်ထမ်းများပါဝင်သည့် ပြန်လည်ထူထောင်ရေးအဖွဲ့များကလည်း နေ့စဉ်ရက်ဆက် နားရက်မရှိ ဆောင်ရွက်ခဲ့ကြသည်။ ကွပ်ကဲကြီးကြပ်သူများက နေပူမရှောင်၊ မိုးရွာမရှောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နေ့/ည ကြီးကြပ်ခဲ့ကြသည်။

### ဂုဏ်ပြုထိုက်သူတို့ကို ဂုဏ်ပြုခြင်း

မိုခါဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် တစ်လပြည့်မြောက်သည့်အချိန် ဇွန်လ ၁၄ ရက်နေ့က စစ်တွေ မြို့ လောကာနန္ဒာစေတီတော်ဝင်းအတွင်းရှိ သာသနာ့ဗိမာန်၌ ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား ဂုဏ်ပြုခြင်းအခမ်းအနားကို ကျင်းပခဲ့ပါသည်။ **"ကိုယ်ကျိုးစွန့်အနစ်နာခံ၍ အနေအစား ဆင်းရဲစွာဖြင့် မုန်တိုင်းထိခိုက်ခဲ့သော နေရာများတွင် အားတက်သရော ဝင်ရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များအပေါ် အလျှဉ်းသင့်သလို ဂုဏ်ပြုပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် မှာကြားခဲ့ကြောင်း။ ယခုကဲ့သို့ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့်**

*စာမျက်နှာ ၁၇ သို့*

**❖ မိမိတို့ တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးစီးပွားအတွက် ဒေသခံအချင်းချင်းအပေါ် အမြတ်ထုတ်ဆောင်ရွက်ခြင်းမှာ မဖြစ်သင့်ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင် နေထိုင်ကြသူများအနေဖြင့်လည်း အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေများထက် ပိုမိုကောင်းမွန်သည့် ဒေသများအဖြစ် ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဖြစ်**

*စာမျက်နှာ ၁၆ မှ*

**မုန်တိုင်းတိုက်ခတ်ပြီး ပျက်စီးဆုံးရှုံးမှုမြင်ကွင်းနှင့် ယခုတစ်လပြည့်ကာလ ပြန်လည်ထူထောင်ပြီးစီးမှုမြင်ကွင်းသည် ဝမ်းသာအားရ ကျေနပ်ဖွယ်ပြောင်းလဲနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်၏ အစီအမံဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်းနှင့် ရပ်ကွက်အလိုက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသည့်အတွက် အသိအမှတ်ပြုပါကြောင်း”** ဒုတိယဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် မုန်တိုင်းအလွန် နှစ်လအကြာ ဇူလိုင်လ ၁၀ ရက်နေ့တွင် စစ်တွေဒေသသို့ ထပ်မံသွားရောက်ခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် **“သဘာဝဘေးဒဏ် ကျရောက်ခဲ့ပြီး နှစ်လခန့်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို ယခုထပ်မံရောက်ရှိချိန်တွင် တွေ့ရှိရကြောင်း၊ မုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ဖယ်ရှားသည့်အပိုင်း၌ လိုအပ်ချက်များ ရှိနေသေးကြောင်း၊ ကိုယ်ကျိုးစီးပွားအတွက် ပွဲလန့်တုန်းဖျာခင်းသည့်သူများက ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် တစ်ကိုယ်ကောင်းဆန်သည့် စိတ်ဓာတ်များဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ဈေးနှုန်းများထက် မတန်တဆ ဈေးနှုန်းများဖြင့် မြှင့်တင်ရောင်းချနေမှုအပေါ် ထိထိရောက်ရောက် အရေးယူသွားရန် လိုကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးစီးပွားအတွက် ဒေသခံအချင်းချင်းအပေါ် အမြတ်ထုတ် ဆောင်ရွက်ခြင်းမှာ မဖြစ်သင့်ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင် နေထိုင်ကြသူများအနေဖြင့်လည်း အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေများထက် ပိုမိုကောင်းမွန်သည့်ဒေသများအဖြစ် ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း”** တိုက်တွန်းပြောကြားခဲ့ပါသည်။

### နယ်စပ်ရေးရာ၏ ဆောင်ရွက်ပေးမှုများ

နယ်စပ်ရေးရာဝန်ကြီးဌာနသည်လည်း ရခိုင်ပြည်သူများ၏ စားသောက်မှုနှင့် ပြန်လည်ထူထောင်ရေးအတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ မုန်တိုင်းဖြစ်ပြီးရက်ပိုင်းအတွင်း စားသောက်ကုန် ရိက္ခာများအနေဖြင့် ဆန်အိတ် ၁၀၀၀၊ စားဆီပိဿာ ၁၅၀၀၊ ဆားအိတ် ၃၀၊ ကုလားပဲ ပိဿာ ၃၀၀၀၊ ခေါက်ဆွဲခြောက်ဖာ ၂၀၀၀၊ ရေသန့်ကတ် ၂၅၀၀ တို့အား တပ်မတော်ရေယာဉ်များဖြင့် အမြန်ဆုံးတင်၍ ပေးပို့ပေးခဲ့ပါသည်။ ထို့အပြင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခုနစ်ပေသွပ် အချပ်ရေ ၁၀၀၀၀၊ ဘိလပ်မြေအိတ် ၃၀၀၀၊ သွပ်သံ/အိမ်ရိုက်သံ ၇၂၅ ပိဿာတို့အား “M.V Sunshine” သင်္ဘောဖြင့် ပို့ဆောင်ပေးခဲ့ပါသည်။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် Chainsaw အလက် ၂၀၊ မြက်ဖြတ်စက် အလုံး ၂၀ အား လည်းကောင်း၊ မုန်တိုင်းသင့်ပြည်သူများ ရေကောင်းရေသန့်များ လုံလောက်စွာအသုံးပြုနိုင်ရေးအတွက် Life Straw ရေသန့်စက် အလုံး ၂၀၀၊ ဆိုလာရေသန့်စက် ၁၀ လုံး၊ ရေမော်တာများ ဝယ်ယူရန် လှူဒါန်းခဲ့ပါသည်။ အရေးပေါ် မီးလင်းရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာများနှင့် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မင်းပြား၊ ပေါက်တော၊ ကျောက်တော်နှင့် ဘူးသီးတောင်မြို့နယ်များအတွက် ဆိုလာအစုံ ၆၅၀ အား လေကြောင်းဖြင့်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ခဲ့ပါသည်။ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပြည်သူများ၊ ဌာနဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၊ စစ်တွေမြို့ဘိုးဘွားရိပ်သာ၊ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ လူမှုအဖွဲ့များသို့ လှူဒါန်းထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများနှင့် တံတားများ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဖြစ်သော စစ်တွေမြို့ အထက(၂) ကျောင်းတွင် ကွန်ကရစ်ခင်းခြင်း၊ မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ နံ့သာတောင်ဘုန်းကြီးကျောင်းအတွက် အမိုးသွပ် အချပ် ၂၀၀ နှင့် ကျောင်းသားအိပ်ဆောင်အတွက် လိုအပ်သော ကွပ်ပျစ်များ ပြုလုပ်ပေးခြင်း၊ စစ်တွေမြို့အတွင်း လောကာနန္ဒာဘုရားဝင်းအတွင်းရှိ မဟာဝေယန်သာသနာ့ဗိမာန်အား ပြန်လည်ပြုပြင်ပေးခြင်း၊ လောကာနန္ဒာစေတီတော် ခြံစည်းရိုး၊ ရင်ပြင်တံတိုင်းပြုပြင်ခြင်း၊ ရန်အောင်မြင်ဓာတုကိုးနဝင်းစေတီ အဆောက်အအုံ၊ ရန်ပြေမာန်ပြေဘုရားကြီးသိမ်တော် ရွှေဆေး၊ ဆလိုက်မီးများပြုပြင်ခြင်း၊ ရန်အောင်မြင်ဓာတုကိုးနဝင်းစေတီ၊ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးမြန်မာမှု၊ ရှင်ကလေးစေတီထီးတော်၊ မဟာဇေယသိဒ္ဓိစေတီဘုရားသိမ်တော်နှင့် ထီးတော်၊ လက်ဝဲသလုံးစေတီအဆောက်အအုံ၊ အရှေ့ဘက်ကိုးနဝင်းဓာတုစေတီ၊ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်း၊ ရှင်မာကုကာသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ဟိန္ဒူဘုရားကျောင်းများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများနှင့် ပုဏ္ဏားကျွန်းမြို့နယ်၊ ဦးရာဇ်မင်္ဂလာကြိုးတံတား ပေ ၃၂၀တို့အား ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မုန်တိုင်းဒဏ်သင့်ခဲ့သော ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်းပေါင်း ၁၁၆၇ ဒသမ ၆၄၁ သန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၂၈၅ ဒသမ ၈၀၈ သန်းဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ပျဉ်းမငုတ်တို

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်တို့ စစ်တွေသို့ ဒုတိယအကြိမ် သွားရောက်ပြီးအပြန်တွင်–

“စစ်တွေက ပြန်ပြီးလှပလာနေပြီ၊ ခေါင်မိုးတော်တော်များများ ပြည့်စုံသွားပြီ၊ ဌာနဆိုင်ရာအဆောက်အအုံတွေလည်း ရာနှုန်းပြည့်နီးပါး ပြင်ပြီးကုန်ပြီ၊ လျှပ်စစ်မီးလည်း ပြန်လင်းပြီ၊ သာသနာရေးအဆောက်အအုံတွေ ပြန်ပြင်ပြီးကုန်ပြီ၊ စစ်တွေကမ်းနားလမ်းကိုလည်း အင်တိုက်အားတိုက် ပြင်နေပြီ၊ ဆက်သွယ်ရေးလိုင်းတွေ၊ ဖုန်းလိုင်းတွေပြန်ရပြီ၊ စာသင်ကျောင်းတွေလည်းဖွင့်နေပြီ၊ လေကြောင်း၊ ရေကြောင်း၊ မော်တော်ယာဉ်လိုင်းတွေလည်း ပုံမှန်ပြန်ပြေးဆွဲနေပြီ၊ အပျက်အစီးတော်တော်များများကောင်းကုန်ပြီ၊ မိုးရွာတော့ သစ်ပင်အကျိုးတွေကရွက်နုတွေ ပြန်ထွက်ပြီး စိမ်းစိမ်းလန်းလန်းနဲ့ ကြည့်ကောင်းနေပြီ” ဟု ဆိုပါသည်။

ထိုစကားသံများ ကြားရသောအခါ အလွန်ပီတိဖြစ်ရပါသည်။ စာရေးသူတို့ အလယ်တန်းကျောင်းသားအရွယ်က သင်ကြားခဲ့ရသော အလွန်ကြိုက်နှစ်သက်သည့် ကဗျာတစ်ပုဒ်ကို သတိရမိသည်။ ဆရာကြီးမင်းသုဝဏ်၏ “ပျဉ်းမငုတ်တို” ကဗျာဖြစ်၏။ ဆရာကြီးသည် ထိုကဗျာအား မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၁– ၄– ၁၉၄၉ က ရေးသားခဲ့ခြင်းဖြစ်၏–

ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည်
စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်
ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်
လေပြင်းတိုက်လျက်၊ မငိုက်ဦးခေါင်း
နွေသစ်လောင်းသော်
ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍
လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်
အသင်ယောကျ်ား ကောင်းတကား”

ပျဉ်းမငုတ်တိုအိုကြီးသည် အကိုင်းလက်ပြတ်နှင့် အခက်မရှိ၊ အရွက်မရှိ။ ခြစားထားပြန်သဖြင့် ဟောင်းလောင်းဖြစ်နေသည်။ မီးလောင်ထားသောကြောင့် မည်းနက်ရုပ်ဆိုးနေသည်။ လွန်ခဲ့သော အချိန်များကမူ ထိုပျဉ်းမပင်သည် အရွက်စိမ်း၊ အပွင့်ဝေဝေနှင့် ကုန်းကမူထက်တွင် လေရူးနှင့်အတူ ရောလျက် မြူးရွှင်ခဲ့ပေလိမ့်မည်။ ယခုကား အရိုးပြိုင်းပြိုင်း၊ ခါးကိုင်းကိုင်းနှင့် ရာသီဥတုဒဏ်၊ သဘာဝပြုပြင်မှုဒဏ်၊ ဇရာ၏ဒဏ်၊ စစ်ဘေးစစ်ဒဏ်ကြောင့် နာလန်မထူနိုင်လောက်အောင် ယိုယွင်းခဲ့နေလေပြီ။

သို့သော် နွေဦးစလေပြီ။ ဥဩသံတို့ မြည်လာပြီ။ နွေတောပန်းကလေးများ ပွင့်လာပြီ။ မြေသင်းနံ့ကလေးပျံ့လာပြီ။ ထိုအခါ ပျဉ်းမငုတ်တိုအို၏ အခက်ကင်းသော အကိုင်းလက်ပြတ်တွင် ပုရစ်ဖူးကလေးများသည် ပြူထွက်လာတော့သည်။ ဟိုမှာတစ်ဖူး၊ ဒီမှာတစ်ဖူးနှင့် ပုရစ်ပြေစပြုလာပြီ။ နောက်တစ်နေ့တွင် ရွက်နုကလေးများ ဖြစ်လာကြ၏။ တစ်ရွက်၊ နှစ်ရွက်၊ သုံးရွက်ဖြင့် အရွက်များ စုံလာသော ပျဉ်းမငုတ်တိုအိုကြီးသည် အမြီးဖြန့်ကာကနေသော ဒေါင်းပျိုနှင့် တူလာလေတော့သည်။ အာဂပျဉ်းမငုတ်တိုပါပေတကား။

### ပိုမိုဖွံ့ဖြိုးစည်ပင်လာတော့မည့် “သမုဒ္ဒဂီရိမြို့”

ရခိုင်ဘုရင်များလက်ထက်က စစ်တွေကျွန်းမှာ ဘုရင့်ရေတပ်မတော်မှ စစ်သည်များ၊ စစ်ကဲများ စခန်းချသည့်နေရာဖြစ်ခဲ့သည်ဟုဆို၏။ ယခင်ဘုရင်များလက်ထက်က စစ်တပ်များချခဲ့ရာ အရပ်ဖြစ်၍ မူလက **စစ်တဲ**ဆိုသော ဝေါဟာရမှ **စစ်တေး**၊ ထိုမှ **စစ်တွေ**ဟု ပြောင်းလဲလာခြင်းဖြစ်ကြောင်း ဆိုကြသည်။

အင်္ဂလိပ် – မြန်မာ ပထမစစ်ပွဲပြီးနောက် အင်္ဂလိပ်တို့သည် ရခိုင်တိုင်းမြို့တော်အဖြစ် စစ်တွေမြို့ကို ၁၈၂၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တည်ထောင်ခဲ့သည်။

မြို့သက် တစ်ရာပြည့်ပြီးသည့် ဝန်းကျင်၌ စစ်တွေမြို့ကြီးသည် ဖွံ့ဖြိုးစည်ပင်နေခဲ့သည်။

မြို့သက်နှစ်တစ်ရာပြည့်၍ ၁၆ နှစ်အကြာ ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးသည် ရခိုင်သို့ ကူးစက်လာသည်။ စစ်တွေသည် စစ်ရေးအရ အရေးပါသော မြို့တစ်မြို့ ဖြစ်လာသည်။ စစ်မီးစစ်လျှံသည် အနှစ်တစ်ရာကျော် တည်ဆောက်ထားသော စစ်တွေမြို့ကို ဖျက်ဆီးပစ်လိုက်သည်။ ထို့အပြင် ခေတ်အဆက်ဆက် ပဋိပက္ခဒဏ်၊ ဒေသတွင်း မတည်ငြိမ်မှုဒဏ်၊ သဘာဝဘေးဒဏ်များကို ထပ်မံ ကြုံတွေ့ရပြန်သည်။ ထိုမှတစ်ဖန် ပြန်၍နိုးထရှင်သန်လာပြန်သည်။ မည်သည့်အခက်အခဲ၊ ဖျက်ဆီးမှုကို ကြုံတွေ့ရသည်ဖြစ်စေ စစ်တွေမြို့ကြီးကား အင်နှင့်အားနှင့် ပြန်လည်ရုန်းထပြီး ရှင်သန်လျက် ပန်းပန်၍ လှပဆဲဖြစ်၏။

ဒဏ်ရာအနာတရများနှင့် ဒုက္ခအမှောင်ထုကို ကြုံတွေ့ရသော်လည်း အတိတ်ဖြစ်စဉ်များကို အကောင်းဆုံး သင်ခန်းစာယူပြီး သက်လုံအပြည့်နှင့် ပြန်လည်နိုးထရစမြဲပင်။

ခေတ်အဆက်ဆက် စစ်ဘေးဒဏ်၊ ပဋိပက္ခဒဏ်၊ သဘာဝဘေးဒဏ်တို့ကို ကြံ့ကြံ့ခံရင်း ပြန်လည်ဖွံ့ဖြိုးရှင်သန်လာမြဲ၊ ကြံ့ခိုင်မြဲဖြစ်သော “မြို့စစ်တွေ” ကား ယောကျ်ားကောင်း ဖြစ်ချေ၏။ ယောကျ်ားကောင်း သမုဒ္ဒဂီရိမြို့ (ခေါ်) စစ်တွေမြို့သည် မိုခါမုန်တိုင်းဒဏ်ခံရပြီးနောက် နိုင်ငံတော်၊ တပ်မတော်၊ ဌာနဆိုင်ရာများ၏ ကူညီထောက်ပံ့မှုများ၊ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုများဖြင့် မူလအခြေအနေထက် ပို၍ဖွံ့ဖြိုးစည်ပင်မှု အသစ်များနှင့်အတူ ငယ်မူငယ်သွေးကြွ ပြန်လည်ရှင်သန်လာမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။ ။




နယ်စပ်ရေးရာဝန်ကြီးဌာနက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဌာနပိုင်ယန္တရားများအား ရခိုင်ပြည်နယ်သို့ ပို့ဆောင်ရန် သင်္ဘောပေါ်သို့ တင်နေစဉ်။

# ကန့်ကြီးထောင့်မြို့နယ်၌ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး ကွင်းဆင်းစစ်ဆေး



ကန့်ကြီးထောင့် ဩဂုတ် ၁၀

ပုသိမ်ခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းကိုကိုနှင့် အဖွဲ့ဝင်များသည် ယမန်နေ့က ကန့်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ စိုက်ပျိုးရေးစခန်း၌ စုဆောင်းထားရှိသော သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)များကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံ့စီးပွား ၈ ဘီလီယံဖြင့် ဆောင်ရွက်သည့် တကုန်းကြီးကျေးရွာနေ ဒေါ်ထားထားနွယ်၏ နို့စားနွားမွေးမြူခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ဆက်လက်၍ ကွင်းယားအရှေ့ကျေးရွာရှိ တောင်သူ ဦးစိုးအောင်၏ တစ်ဧက ၁၀ တင်း တိုးထွက်ရှိရေး လယ်ယာမြေကို ကြည့်ရှုစစ်ဆေးပြီး မိုးစပါး တစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိစေရေးအတွက် ကွင်းယားအရှေ့ကျေးရွာရှိ စံပြကွက်စိုက်တောင်သူများအား သွင်းအားစုနှင့် စိုက်ပျိုးရေးစရိတ် ချေးငွေများ ပေးအပ်သည်။

ထို့နောက် လမ်းဦးစီးဌာနမှ ရန်ကုန် - ပုသိမ် ကားလမ်းဘေး ဝဲ/ယာ မြက်ဖြတ်၍ သန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၆) ရပ်ကွက်နေ ဦးမောင်မောင်ခင်၏ အောင်သိဒ္ဓိဆန်စက်တွင် Gasfire ဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

မြို့နယ်(ပြန်/ဆက်)

# ရွှေတောင်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လုပ်ငန်းများဆောင်ရွက်

ရွှေတောင် ဩဂုတ် ၁၀

ရွှေတောင်မြို့နယ် ယွန်းတန်းရပ်ကွက် ချမ်းသာကြီးဘုရားဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရပ်ကွက်အတွင်းရှိ နို့တိုက်မိခင်များအား အာဟာရပစ္စည်းများနှင့် ဗီတာမင်ဆေးဝါးများ ပေးဝေခြင်း၊ အသက်ငါးနှစ်အောက်ကလေးများအား သက်တမ်းအလိုက် ဗီတာမင်အေနှင့်သံချဆေးများတိုက်ကျွေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့နှင့်အတူ ပူးပေါင်းပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

ကိုကိုမင်း (ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်တို့က ဆိတ်ဖြူမြို့နယ်မှ ထွက်သော ကြက်သွန်နီပိသာ တစ်သောင်းအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းများနှင့် အများပြည်သူများကို ဩဂုတ် ၁၀ ရက်က ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးစဉ်။ အာကာလင်း

နိုင်ငံတစ်ဝန်း
စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

(၁၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၇၁,၃၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၁၁၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၉၁၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

“ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။” **ကျန်းမာရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၀ ကျပ် | ၂၄၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၀ ကျပ် | ၂၄၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၁၀ ကျပ် | ၂၃၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၂၉၁ | ၂၅၇၀၉၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၄၀၃၈ | ၁၂၂၅၁၈၅၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၄၈ | ၃၆၄၈၀၀ |
| FPB | ၁၆၀၀ | ၁၆၅၀ | ၃၃၃ | ၅၄၄၄၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၂၃၆၀ | ၅၄၃၁၄၀၀ |
| AHPC | ၄၉၀၀ | ၅၀၀၀ | ၁၁၃ | ၅၅၃၈၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၂၃၁၅ | ၄၃၉၈၅၀၀ |

ညီညီ - စုစည်းသည်

# တင်ဒါခေါ်ယူခြင်း

၁။ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် (၈၁၆'x၂၃၇') ၅ ထပ် RC သီရိမင်္ဂလာဈေးအဆောက်အအုံဟောင်းအား ဖြိုဖျက်ရောင်းချမည်ဖြစ်ပါ၍ ဆောင်ရွက်လိုသူ လူပုဂ္ဂိုလ်/အဖွဲ့အစည်း/ကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၈-၂၀၂၃ ရက်မှ ၃၀-၈-၂၀၂၃ ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့်** - ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊
**တင်သွင်းရမည့်နေရာ** - ၁၂ ၁/၂ ထပ်ရုံး၊ ၈-လွှာ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁-၉-၂၀၂၃ရက် (သောကြာနေ့ )

၅။ တင်ဒါပွဲကျင်းပမည့်နေ့ရက်အား ကြိုတင်အသိပေးအကြောင်းကြားပါမည်။

၆။ မြေပြင်အခြေအနေအားသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ တယ်လီဖုန်းအမှတ်-၀၉ ၈၉၁၈၀၃၀၆၉ သို့ စုံစမ်းမေးမြန်း၍ ရုံးချိန်အတွင်းသွားရောက်ကြည့်ရှုနိုင်ပါသည်။

၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ၁၂ ၁/၂ ထပ်ရုံး၊ ၈-လွှာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၉-၈၉၁၈၀၃၀၆၉ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ ဦးဖိုးလှိုင်(၁)လမ်း၊ မြေကွက်အမှတ် (၃၀၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ကေသီညို (ခ) ကက်သရင်း (၁၂/အစန (နိုင်) ၁၇၂၃၉၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်သိန်း (ခ) ဖက်ထရပ် (၁၂/အစန (နိုင်) ၀၀၀၈၀၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

# အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကံဘဲ့ကျေးရွာ၊ ကွင်းအမှတ်(၁၁၄-အေ)၊ ကွင်းအမည် (ကံဘဲ့)၊ ဦးပိုင်အမှတ်(၂၁၀/၁၈)၊ မြေဧရိယာ(၀.၁၃)ဧက၊ မြေမျိုးနှင့်အတန်း(G)၊ မြေအကျယ်ပေ (၇၀x၈၀)အကျယ်ရှိ မြေကွက်ကို မူလပိုင်ရှင် ဦးကိုကိုနိုင် ၁၂/တတန(နိုင်)၀၄၃၉၇၈ ထံမှ ဒေါ်အေးကြွယ် ၁၂/တမန(နိုင်)၀၀၆၆၃၂က (၁၂-၁၀-၁၉၉၇)ရက်က လွှဲပြောင်းဝယ်ယူခဲ့ပြီး ဒေါ်အေးကြွယ်ထံမှ ကျွန်ုပ်၏အမှုသည် ဦးဝင်းထိန် ၁၂/တတန (နိုင်)၀၃၃၁၉၀က (၁၀-၅-၂၀၀၇)ရက်က ငွေအကျေပေးချေ၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ကောလိတ္တော် အရာရှိရုံးတွင် မြေခွန်ပေးဆောင်၍ ခြံစည်းရိုးကာရံကာ လက်ရှိထားခဲ့သည်မှာ နှစ်ပေါင်း(၁၆)နှစ်ကျော် အမည်ပေါက် ခိုင်မာစွာလက်ရှိထားခဲ့ပါသည်။ ကျွန်ုပ်အမှုသည်၏ သဘောတူခွင့်ပြုချက်မရဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ မြေကွက်အား အလွဲသုံးစားပြုခြင်း၊ နှောင့်ယှက်ခြင်း၊ မဟုတ်မမှန် တိုင်ကြားပြောဆိုခြင်းများ မပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ထားပါလျက် ဦးဝင်းထိန်အမည် ပေါက်မြေကွက်အား ထိပါးနှောင့်ယှက်ခြင်းပြုပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဦးခင်ဇော်(မရမ်းကုန်း)** | **ဦးစိုးဝင်းမြင့်** | **ဒေါ်မျိုးသူဇာနှင်း** | **ဒေါ်ခိုင်ဇင်ထွန်း** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၆၂၃)** | **(စဉ်-၁၁၀၀၀)** | **(စဉ်-၁၄၂၁၆)** | **(စဉ်-၁၃၉၈၂)** |
| **ဖုန်း-၀၉-၂၅၃၂၂၅၁၅၁** | **ဖုန်း-၀၉-၄၄၁၃၆၈၅၄၅** | **ဖုန်း-၀၉-၂၅၄၂၁၈၀၂၄** | **ဖုန်း-၀၉-၇၇၄၉၄၈၉၄၅** |

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ် (၁၉၉၉)၊ အကျယ်အဝန်းပေ(၄၀x ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်၍ လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်ဇာဇာအေး ၁၄/ဝခမ(နိုင်)၁၆၁၁၈၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ် စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၉၅၆ ၈၃၃၇၈

# အစ္စလာမ်ဓလေ့ထုံးတမ်းအရ လင်မယားကွာရှင်းပြတ်စဲပြီး ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ မင်းလမ်းနေ ဟာဂျီဂဖွား၏(ခ) ၃၂ ဦးအောင်ကိုလတ်(ဘ)ဟာဂျီဦးယူနွတ်(စ်)(ခ) ဦးအင်ဒူမြား ၁၄/ကတန(နိုင်)၀၀၀၆၁၄နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ မင်းလမ်းနေ ဒေါ်ဖေရီဇာဘီ(ခ)မပန်းစပယ်(ဘ)ဦးအောင်ကြည် ၁၄/ ကကန(နိုင်)၁၃၁၄၂၃ ကိုင်ဆောင်သူတို့မှာ လွန်ခဲ့သော(၁၃-၂-၂၀၀၄)ရက်မှစ၍ အစ္စလာမ်ဓလေ့ထုံးတမ်းအရ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး ယခုအခါဟာဂျီဂဖွား၏(ခ)ဦးအောင်ကိုလတ်နှင့် ဖေရီဇာဘီ(ခ)မပန်းစပယ်တို့သည် စိတ်သဘောထား မတိုက်ဆိုင်တော့ပါသဖြင့်(၈-၈-၂၀၂၃)ရက် နံနက်(၁၁)နာရီတွင် အစ္စလာမ်ဓလေ့ထုံးတမ်းအရ သွလာသ်(၃)ကြိမ်ပေးပြီး အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကို တာဝန်ခံဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် စုံစမ်းမေးမြန်းခြင်း သည်းခံပါရန် အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဟာဂျီဂဖွား၏(ခ)ဦးအောင်ကိုလတ်**
**၁၄/ကကန(နိုင်)၀၀၀၆၁၄**
**မင်းလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျောင်းကုန်းမြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမိုးသူ (LL. B )**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၆၀၈၉/၁၈-၁-၂၀၁၀)**
**ဝက်ချောင်းကျေးရွာ၊ ဝက်ချောင်းကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့**
**ဖုန်း-၀၉-၇၉၇၆၇၅၉၅၆**

# အရွယ်မရောက်သေးသူများအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ-၁၁)**
**မဟာအောင်မြေခရိုင် တရားရုံးတော်**
**၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၂**

**၁။ ဦးကျော်မင်းအောင်**
**၂။ ဒေါ်နန်းနှင်းနှင်းအေး** **လျှောက်ထားသူများ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၈လမ်း၊ ၇၉x၈၀ လမ်းကြား၊ အကွက်(၆၅၃)၊ ဟေမမာလာတောင်ရပ်ကွက်နေ အရွယ်မရောက်သေးသူ မောင်ကျော်စွာမင်းသန့်၊ မောင်အာကာမင်းသန့်နှင့် မစန္ဒာမင်းသန့် ၎င်းတို့ပိုင်ဆိုင်သော ပစ္စည်းအကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၈လမ်း၊ ၇၉x၈၀လမ်းကြား၊ အကွက်(၆၅၃)၊ ဟေမမာ လာတောင်ရပ်ကွက်နေ လျှောက်ထားသူ ၁။ ဦးကျော်မင်းအောင် ၂။ ဒေါ်နန်းနှင်းနှင်းအေးတို့က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ကျော်စွာမင်းသန့်၊ မောင်အာကာမင်းသန့်နှင့် မစန္ဒာမင်းသန့်တို့၏မိခင်၊ ဖခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူတို့၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့ လျှောက်ထားခြင်းကို လူအများသိစေရန်အလို့ငှာ ဤကြေညာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ရက်နေ့ (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်နေ့)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

# ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/9038 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

# အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၄)၊ အကွက်အမှတ်(၃၄-က/မီးလောင်ပြင်)၊ ဦးပိုင်(၄၄)၊ မြေဧရိယာ(၀.၁၅၄)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၆၈-၅/၁၉၉၉-၂၀၀၀(အေ) ဦးအိုက်ဆန်အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်းကွယ်လွန်သဖြင့် ဇနီး ဒေါ်ကျောက်ဒီ ၁၃/တယန(နိုင်)၀၁၅၁၁၆မှ စာချုပ်အမှတ် ၂၀/၂၀၂၃ဖြင့် အမွေဆက်ခံပိုင်ဆိုင်ပြီးဖြစ်ပါသဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့်ခရိုင်ထွေအုပ်ရုံးသို့ ရက်ပေါင်း ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့**

# အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၂)၊ အကွက်အမှတ်(၂၅/ရဲဌာန)၊ ဦးပိုင်(၄၃+၄၆)၊ မြေဧရိယာ(၀.၄၈၂)ဧက မြေငှားဂရန် အမှုတွဲအမှတ်၊ ၀၀၂-၅/၂၀၁၂-၂၀၁၃ (အေ) ဒေါ်လီရီးစီ ၁၃/တယန(နိုင်)၀၁၄၇၇မှ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် စက်မှုစီးပွားမြေငှားဂရန်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက အထောက် အထားခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ ရက်ပေါင်း(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**တန့်ယန်းမြို့**

# အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၄)၊ အကွက်အမှတ်(၃၄-က/မီးလောင်ပြင်)၊ ဦးပိုင်(၁၉)၊ မြေဧရိယာ(၀.၀၃၁)ဧက မြေငှားဂရန်အမှုတွဲအမှတ်၊ ၁၆၄-၅/၁၉၉၇-၁၉၉၈ (အေ)ဒေါ်စန်းစန်းအေး ၁၃/တယန(နိုင်)၀၁၆၆၈၆၊ ဒေါ်မြမြအေး ၁၃/တယန (နိုင်)၀၁၆၆၈၇မှ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်သည် မူရင်းဂရန်ပျောက်ဆုံးသွားပါသဖြင့်မိတ္တူမှန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ရက်ပေါင်း ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့**

# (၃.၈.၂၀၂၃) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ - ၂၂ တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးလှိုင်ထွဋ်၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်းအပေါ် ကန့်ကွက်ကြောင်း ပြန်လည်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ခွာညို(၁) လမ်း၊ အမှတ်(၂၂၂) ဟုခေါ်တွင်သော အလျား(၅၀)ပေ x အနံ(၃၀)ပေ အကျယ်အဝန်းရှိ ဦးကျော်သောင်းအမည်ပေါက် နှစ်(၆၀)အမည်ပေါက် ဂရန်မြေကွက်ကြီးထဲမှ အလျား(၅၀)ပေxအနံ(၁၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်နေအိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ရောင်းချစီမံပိုင်ခွင့်ရှိသူ ဦးအုန်းမြင့် ၁၄/မမက(နိုင်)၁၂၉၃၀၉၊ ဒေါ်ခင်ညွန့် ၁၄/မမက(နိုင်)၀၇၁၃၇၀တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ပါခြံမြေကွက်နှင့် ပတ်သက်၍ ထပ်မံရောင်းချခြင်း၊ ဝယ်ယူခြင်းအပေါ် ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်သိမ့်သန္တာအောင်**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၈၂၂၉/၂၀၁၆)**

**ဒေါ်သင်းသင်းဟန်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၉၈၆/၂၀၁၇)**

**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း - ၀၉-၄၂၁၁၀၃၄၅၄**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနၡ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလအတွက် အသုံးပြုရန် ဒီဇယ်ဆီ(၅၅၀၀၀) ဂါလန်၊ Octane-92(၁၀၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ(၃၅၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၄-၈-၂၀၂၃ ရက်

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၆-၈-၂၀၂၃ ရက်

(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန

(ဃ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ရက်** - ၂၁-၈-၂၀၂၃ ရက်

(င) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ(၆) ထပ်ဆောင်အစည်းအဝေးခန်းမ

(စ) **တင်ဒါ(၁)စုံရောင်းဈေးနှုန်း** - ပစ္စည်း(၁)မျိုးလျှင် ကျပ် ၁၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel Import License)တင်ပြနိုင်သော ကုမ္ပဏီ ဖြစ်ရမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေး စိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ဖုန်းနံပါတ်-၀၂-၄၀၈၀၁၅၇၊ ၀၂-၄၀၈၁၃၁၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အထက (၁) Grade-6 မှ မကြယ်စင်ရွှန်းလဲ့ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးတင့် ၁၄/ဟသတ(နိုင်)၀၃၁၆၃၆ ဖြစ်ပါကြောင်း။

**ဦးမျိုးတင့်**

# ဖခင်အမည်မှန်

ဒဂုံတောင်၊ ၁၈ ရပ်ကွက်၊ မောင်းမကန် ကိုယ်ပိုင်မူလတန်းကျောင်း Grade-2 မှ မောင်ဟန်ညီညီဇော်၏ ဖခင်အမည်မှန်မှာ ဦးသန်းတင် ၁၄/ဖပန(နိုင်)၀၂၂၂၉၉ ဖြစ်ပါကြောင်း။

# တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာနေ ဒေါ်ချောစုခိုင် ၁၀/သဖရ(နိုင်)၁၀၆၁၇၈၏ ဖခင် ဦးယဉ်အောင်နှင့် ဦးရင်အောင် ၁၀/သဖရ(နိုင်)၀၃၂၀၈၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးယဉ်အောင်(ခ)ဦးရင်အောင်**

# ပြင်ဆင်ဖတ်ရှုပါရန်

၃-၈-၂၀၂၃ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဒေါ်စိုးစိုးလွင် ၆/နထက(နိုင်)၀၀၁၈၀၁ အစား ၉/နထက(နိုင်)၀၀၁၈၀၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ် (၁၁၉၅)၊မြေကွက်တည်နေရာအမှတ်(၁၁၉၅)၊ စိန်တလေးလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဧရိယာ (၀.၀၅၉)ဧက၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကိုကိုကျော် ၁၂/မဂတ(နိုင်)၀၀၁၅၃၆ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထင်အောင်ကျော် ၁၂/ကမရ(နိုင်)၀၀၀၂၇၄၊ ဒေါ်နန်းမျိုးမျိုးနွယ် ၁၂/ကတတ(နိုင်)၀၂၂၉၄၆တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေ ညာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထင်အောင်ကျော်၊ဒေါ်နန်းမျိုးမျိုးနွယ်တို့၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော်**
**LL.B.D.B.L,D.I.L, D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ Ph - 09-765602290**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/82505, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းသန္တာခိုင် ၉/တကန(နိုင်) ၁၄၇၄၁၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၈၂၂၂ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းဆန်း ၁၀/မလမ(နိုင်)၁၂၉၆၆၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မြိတ်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၈

| | | |
|---|---|---|
| ၁။ ဒေါ်အေးပို | နှင့် | ၁။ ဒေါ်သန်းဝင်း |
| ၂။ ဒေါ်ခင်သောင်း | | ၂။ ဦးအေးစိုး(ဘ)ဦးအောင်သန်း |
| ၃။ ဒေါ်သီသီအေး | | ၃။ ဦးမျိုးဝင်း(ဘ)ဦးအောင်သန်း |
| | | ၄။ဒေါ်တင်တင်ယု(ဘ)ဦးတင်ဝင်း |
| (တရားလိုများ) | | (တရားပြိုင်များ) |

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်ကမ်း(၃)ရပ်၊ အမှတ်(၁၃)နေသူ ဦးအေးစိုး(ဘ)ဦးအောင်သန်းနှင့် ဦးမျိုးဝင်း(ဘ)ဦးအောင်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်တို့အပေါ်တွင် တရားလို ဒေါ်အေးပို၊ ဒေါ်ခင်သောင်း၊ ဒေါ်သီသီအေးတို့က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ဦးအေးစိုး၊ ဦးမျိုးဝင်းတို့အနေဖြင့် သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ကို ၎င်း၏ ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ (၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူတို့အနေဖြင့် တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ထိုအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင့်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြိုးဖြိုးစံ)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မြိတ်မြို့နယ်တရားရုံး

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာနေ နန်းခင်သီတာထွန်း ၇/ထတပ(နိုင်)၀၄၉၈၄၇၏ မွေးသက္ကရာဇ်အမှန်မှာ ၈–၁၁–၁၉၇၄ ဖြစ်ပါကြောင်း။

နန်းခင်သီတာထွန်း

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်နေ ဦးမောင်အုန်း၏သမီး မအေးထက်စံ ၁၀/သဖရ(နိုင်)၁၉၈၀၀၃၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် တန်းအောင်လက်မှတ်အရ ၃၀–၉–၁၉၉၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ အထက(MRTV) တွင် ပညာသင်ကြားနေသော Grade–11မှ မပုလဲဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၉/တကန(နိုင်)၀၀၁၇၈၉ ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်

## ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ အထက(MRTV) တွင် ပညာသင်ကြားနေသော Grade– 11မှ မနှင်းသဇင်ဦးနှင့် Grade– 9 မှ မောင်ကောင်းခန့်ဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးထက်ဝင်း ၉/တကန(နိုင်) ၁၆၁၆၆၀ ဖြစ်ပါကြောင်း။

ဦးစိုးထက်ဝင်း

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း (မြောက်) ရပ်ကွက်၊ ဈေးလမ်း၊ တိုက်အမှတ်(၇၃) ၄–လွှာ/ဘီ(အလယ်)၊ အကျယ်အဝန်း(၁၅x၄၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့်ယင်း တိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်စာတမ်းများဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဦးဝင်းသန့် ၁၂/ပဘတ(နိုင်)၀၁၃၀၄၄ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ထက်ထက်လှိုင် (LL.B., D.B.L.)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၇၄၇ )
အမှတ်(၅၁၉)၊ ပန်းခြံစုဗဟိုလမ်း၊(၂၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း – ၀၉–၂၅၀၅၂၄၉၄၃

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တံတားချောင်း ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်–(၂၁၆/က) (ဆိပ်ကြီးကွင်း)၊ ဦးပိုင်အကွက်အမှတ်(၆/၁)ဟုခေါ်တွင်သော (၁.၁၁) ဧကအနက်မှ (၀.၇၀)ဧကရှိ လယ်မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒလမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနတွင် အမည် ပေါက် ဦးချစ်ကိုကို ၁၂/ဒလန(နိုင်)၀၅၄၅၉၆ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် အမည်ပြောင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစောကျော်စွာထွဋ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၀၀၁)
တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၄၀၆၅၅၇၃၈

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် –၅ ၊ နည်းဥပဒေ–၂၀)
## ညောင်လေးပင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ( ၇၀ )

| | | |
|---|---|---|
| ဦးမြင့်အောင် | နှင့် | ၁။ ဦးဝင်းဗိုလ် |
| | | ၂။ ဒေါ်ယဉ်ငွေ |
| (တရားလို) | | (တရားပြိုင်များ) |

ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ဝင်္ဂဘော်ကျေးရွာအုပ်စု၊ ဝင်္ဂဘော်ကျေးရွာ၊ ချမ်းသာကြီးတဲပိုင်းနေ (ဘ)ဦးသန်း၏သားဖြစ်သူ (၁)တရားပြိုင် ဦးဝင်းဗိုလ်နှင့် ဇနီးဖြစ်သူ(ဘ)ဦးကြည်စိန်၏သမီးဖြစ်သူ (၂)တရားပြိုင် ဒေါ်ယဉ်ငွေ (ယခုနေရပ်လိပ်စာမသိသူ)တို့အား သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဝန်ခံကတိစာချုပ်အရငွေကျပ်သိန်း(၄၀) တိတိရလိုမှုဖြင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ရက် (၁၃၈၅ခုနှစ်၊ ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်အထက်ပါ နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ် စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင်တို့ကိုယ်စားလှယ်၏ ရှေ့နေလက်တွင် ထည့်အပ်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ဇေယျာလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ညောင်လေးပင်မြို့နယ်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/6754 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သုံးခွမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဦးသောင်းထွန်း ကန်လမ်းနှင့် လမ်းသွယ်လမ်းထောင့်ရှိ မြေကွက်အမှတ် ၃၆၄ဟုခေါ်တွင်သော အကျယ် ၈၀'x၆၀'မြေကွက်မှ အလျား၄၀'xအနံ ၆၀'လမ်းတောင်ဘက်ခြမ်း မြေကွက်နှင့် ရန်ကုန်မြို့၊ သုံးခွမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ လမ်းသွယ်လမ်းရှိ မြေကွက်အမှတ် ၃၆၃ဟုခေါ်တွင်သော အကျယ် ၈၀'x၆၀'မြေကွက်မှ မြေကွက်၏ အရှေ့ခြမ်း အလျား ၆၀'xအနံ ၄၀'ရှိ မြေကွက်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဦးရေချမ်း ၁၂/သခန(နိုင်)၀၀၈၆၆၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်တင်တင်ဝင်း ၁၂/လမန(နိုင်)၀၆၁၉၆၈၊ ဦးစိုးလွင် ၁၂/ လမန(နိုင်)၀၅၄၇၃၈ နှင့်ဒေါ်နွယ်နွယ်ဝင်း ၁၂/ လမန(နိုင်)၀၆၁၉၆၉ တို့မှ ၃–၈–၂၀၂၃ရက်တွင် အပြီးအပိုင် လက်ရောက်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

| | |
|---|---|
| ဒေါ်အိအိမွန်(စဉ်–၃၉၉၁၈) | ဒေါ်မြသက်ဝင်း(စဉ်–၅၁၂၆၈) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ် ၂၂၇၊ ပထမထပ်၊အခန်းအမှတ် ၆၊ MTM Group Condo
ဆိပ်ကမ်းသာလမ်း(အလယ်)၊(၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း –၀၉–၄၂၀၂၂၉၀၂၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/48152,New Zhineng –110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုမြင့် ၇/ပမန(နိုင်)၀၀၀၂၄၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ပြည်)
ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/4798,TOYOTA MARK II JZX 110,SALOON ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် ၁၃/နခတ(နိုင်)၁၁၇၉၆၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး (မူဆယ်)
မူဆယ်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/69220, ADIXIN–110 ယာဉ်လက်ဝယ်ရှိသူ စောစတီးဗယ် ၁၄/မမက(နိုင်) ၁၄၈၆၀၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(မအူပင်)
မအူပင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/32372,Honda Wave–110 ယာဉ်လက်ဝယ်ရှိသူ စမောင်မောင်ဝင်း ၁၄/ပတန(နိုင်) ၃၀၀၃၈၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(မအူပင်)
မအူပင်မြို့

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁ / သမိုင်း) တော်ဝင်လမ်း၊ မြေကွက်အမှတ် (၃/ A/၄) အကျယ်အဝန်း ဧရိယာ (၀.၁၁၇)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC(၂)ထပ်တိုက်အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် (၁) ဒေါ်ဝင်းမြတ်မြတ် ၁၂/ကမရ(နိုင်)၀၂၈၄၂၆၊ (၂) ဒေါ်ဝင်းမြတ်မွန် ၁၂/ကမရ (နိုင်)၀၂၈၄၂၅၊ (၃) ဒေါ်တင်မော်ဝင်း ၁၂/ကမရ(နိုင်)၀၂၈၄၂၈ တို့၏အမည်ဖြင့်ထွက်ရှိထားသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC(၂)ထပ်တိုက် အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းတို့ကိုယ်တိုင်တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်း လာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC (၂)ထပ်တိုက် အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ညိုမာ ( LL.B )
အထက်တန်းရှေ့နေ(စဉ်–၃၅၇၇၆)
အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉–၄၃၀၆၆၅၈၀၊ ၀၉–၉၆၀၇၂၀၃၇၄

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်/မြောက်ပိုင်း၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၊ ရပ်ကွက်(၉)နေ ဒေါ်ကြူကြူလွင် ၁၃/ တယန(နိုင်) ၀၂၈၅၅၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးပစ်ကျေးရွာအုပ်စု၊ သိမ်းအင်းကျေးရွာရှိကွင်းအမှတ် (၆၈၄)၊ ယခင်ဦးပိုင်အမှတ် (N–1/N–26)၊ ယခုဦးပိုင်အမှတ် (၂၃)၊ ဧရိယာ(၆.၈၄)ဧကရှိ မြေထဲမှခွဲ၍ (အရှေ့လားသော် –ပေ ၂၀လမ်း၊ တောင်လားသော် – A–5၊ အနောက်လားသော် – A–3၊ မြောက်လားသော် – A–7) အတွင်းရှိ မြေဧရိယာ (ပေ ၄၀ x ပေ ၆၀) အကျယ်ရှိ မြေကွက်အမှတ်(A–6)ကို ဒေါ်နန်းရွှေ ၁၃/မရတ(နိုင်)၀၁၀၁၉၀မှ (အရပ်ကတိ) ဆက်စပ်စာချုပ်များဖြင့် လက်ရောက် ပိုင်ဆိုင်ထားပြီး ၎င်းပိုင်ဆိုင်ကြောင်းဝန်ခံလျက် ဖော်ပြပါမြေကွက်ကို ၃၀–၈–၂၀၂၂ ရက်တွင် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ဝန်ခံ ကတိစာချုပ်ဖြင့် ဒေါ်နန်းရွှေထံမှ ဒေါ်ကြူကြူလွင် ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်လျက်ရှိပါ သည်။

သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်အမှတ် (A–6)နှင့်ပတ်သက်၍ လက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူလွင် တစ်ဦးတည်းကသာ အကျိုးခံစား၍ ပိုင်ဆိုင်ပြီး ၎င်း၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်းတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများအပြင် ဝင်ရောက်ကျူးကျော်ခြင်းများ မည်သူမျှပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– | |
| ဒေါ်ကြူကြူလွင် | ဦးအောင်သီဟ(LL.B) | ဦးရန်ရှင်အောင် (LL.B) |
| ၁၃/တယန(နိုင်)၀၂၈၅၅၃ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | စဉ်– ၁၅၁၈၆(၂၀၁၈) | စဉ်– ၅၄၅၅၆ (၂၀၂၁) |

အမှတ်(၂၈)၊ ပိတောက်လမ်း၊ ကွက်ပြင်(၃)မြောက်၊ ယူဂိုလဆလပ်၊ ရပ်ကွက်ကြီး (၁)၊
ပြင်ဦးလွင်မြို့၊ ဖုန်း–၀၉–၄၃၂၀၁၇၆၁၊ ၀၉–၇၈၄၃၂၀၁၇၆၊ ၀၉–၉၅၁၈၆၃၀၃၈

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်/မြောက်ပိုင်း၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၊ ရပ်ကွက်(၉)နေ ဒေါ်ကြူကြူလွင် ၁၃/ တယန (နိုင်)၀၂၈၅၅၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးပစ်ကျေးရွာအုပ်စု၊ သိမ်းအင်းကျေးရွာရှိကွင်းအမှတ် (၆၈၄)၊ ယခင်ဦးပိုင်အမှတ် (N–1/N–26)၊ ယခုဦးပိုင်အမှတ် (၂၃)၊ ဧရိယာ(၆.၈၄)ဧကရှိ မြေထဲမှခွဲ၍ (အရှေ့လားသော် – ပေ ၂၀ လမ်း၊ တောင်လားသော် ပေ ၂၀လမ်း၊ အနောက်လားသော် – A–4၊ မြောက်လားသော် – A–6) အတွင်းရှိ မြေဧရိယာ (ပေ ၄၀xပေ၆၀) အကျယ်ရှိ မြေကွက်အမှတ်(A–5)ကို ဒေါ်နန်းရွှေ ၁၃/မရတ(နိုင်)၀၁၀၁၉၀ မှ (အရပ်ကတိ)ဆက်စပ်စာချုပ် များဖြင့် လက်ရောက်ပိုင်ဆိုင်ထားပြီး ၎င်းပိုင်ဆိုင်ကြောင်းဝန်ခံလျက် ဖော်ပြပါမြေကွက်ကို ၃၀–၈–၂၀၂၂ ရက်တွင် " နှစ်ဦး သဘောတူ မြေကွက်အရောင်းအဝယ်ဝန်ခံ ကတိစာချုပ်ဖြင့် ဒေါ်နန်းရွှေထံမှ ဒေါ်ကြူကြူလွင် ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်အမှတ် (A–5)နှင့်ပတ်သက်၍ လက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူလွင် တစ်ဦးတည်းကသာ အကျိုးခံစား၍ ပိုင်ဆိုင်ပြီး ၎င်း၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်းတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများအပြင် ဝင်ရောက်ကျူးကျော်ခြင်းများ မည်သူမျှ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့်ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရအရေးယူခံရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ– | |
| ဒေါ်ကြူကြူလွင် | ဦးအောင်သီဟ(LL.B) | ဦးရန်ရှင်အောင် (LLB) |
| ၁၃/တယန(နိုင်)၀၂၈၅၅၃ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | စဉ်– ၁၅၁၈၆(၂၀၁၈) | စဉ်– ၅၄၅၅၆ (၂၀၂၁) |

အမှတ်(၂၈)၊ပိတောက်လမ်း၊ကွက်ပြင်(၃)မြောက်၊ ယူဂိုလဆရပ်ကွက်ကြီး
(၁) ပြင်ဦးလွင်မြို့၊ဖုန်း–၀၉–၄၃၂၀၁၇၆၁၊၀၉–၇၈၄၃၂၀၁၇၆၊ ၀၉–၉၅၁၈၆၃၀၃၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ် (၂၅၇)၊ အကျယ်အဝန်း ပေ(၄၀x ၆၀)ရှိ ဦးသန့်ဇော်လင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဦးသိန်းထိုက် ၁၂/တမန(နိုင်)၁၃၇၄၅၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်–၃၄၆၇၉)
အမှတ်(၆)၊ ၄ လွှာ(ယာ)၊ ၁၂၃–လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၇၉၅၆ ၈၃၃၇၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/31376, Zhan Sbeng–125 ယာဉ်လက်ဝယ်ရှိသူ Lwin Moe Aung Trading Co.,Ltd က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၇၀၇၀၆, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၁၆၂၂၇, Honda Click–125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထူး ၉/ပကခ(နိုင်) ၀၁၅၁၈၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)ရှိ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဖြတ်သန်းတိုက်ခတ်မှုကြောင့် ရေစိုပျက်စီးဆုံးရှုံးခဲ့သည့် အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများကို ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ဈေးနှုန်း အဆိုပြုလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | နိုင်ငံခြားစက္ကူ | ၂၄.၄၂၈ တန် |
| ( ခ) | ပုံနှိပ်မင်(နက်၊ နီ၊ ပြာ၊ ဝါ) ပုံးခွံ | ၆ ပုံး |
| ( ဂ) | Kodak Developer (ပုံးခွံ) | ၃ ပုံး |
| (ဃ) | Kodak Plate | ၄၈၄ ချပ် |

မှတ်ချက်။ အထက်ဖော်ပြပါ ကုန်ကြမ်း(၄)မျိုးသည် ရေစိုပစ္စည်းများ ဖြစ်ပါသည်။

၂။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ အမှတ် (၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် ၁၁-၈-၂၀၂၃ ရက်နေ့မှ ၂၄-၈-၂၀၂၃ ရက်နေ့အထိ ရုံးဖွင့်ရက်တွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၂၅-၈-၂၀၂၃ ရက်နေ့ မွန်းတည့် ၁၂:၀၀ နာရီအတွင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်၍ တင်သွင်းသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး (၁%)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG (Preformancce Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၄။ ကုန်ကြမ်းပစ္စည်းများ၏အခြေအနေအား ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) တာဝန်ခံ စာတည်းမှူး ဦးကျော်မျိုးဦး၊ ဖုန်း-၀၉၄၂၁၇၁၀၁၁၈ သို့ အသေးစိတ်ဆက်သွယ်စုံစမ်းမေးမြန်းနိုင် ပါသည်။ မြေပြင်တွင် သွားရောက်ကြည့်ရှုနိုင်သည်။

၅။ အသေးစိတ်သိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည် -

(က) ခေတ္တညွှန်ကြားရေးမှူး(စီမံ) - ၀၆၇-၃၄၁၂၆၆၂၊ ၀၆၇-၃၄၁၂၀၂၈
( ခ) စာတည်းမှူး - ၀၁-၈၃၉၈၆၆၉
( ဂ) ထုတ်လုပ်ဌာန - ၀၁-၈၂၀၁၁၉၂၊ ၀၁-၈၂၀၀၈၁၄

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ညောင်တုန်းစုကျေးရွာအုပ်စု၊ မြစ်ဝကျေး ရွာနေမမေသန္တာကျော်၏ဖခင် ဦးသိန်းကျော်၏ အမည်မှန်မှာ ဦးသိန်းဇော် ၁၄/မမက(နိုင်)၃၃၉၂၂၂ ဖြစ်ပါကြောင်း။

**ဦးသိန်းဇော်**

## ဖခင်အမည်မှန်

သဲကုန်းမြို့၊ ရပ်ကွက် ၄၊ ဆေးရုံလမ်းနေ အထက သဲကုန်း Grade-12 မှ မောင်ရှိုင်းဝဏ္ဏထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇေ(ခ)ဦးကျော်ဝင်း ၇/သကန(နိုင်)၀၄၀၂၇၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် CC/6210 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်(အရှေ့)ရပ်ကွက်၊ ကျိတ်တန်းလမ်း၊ အမှတ်(၄၇)၊ တစ်ခန်းတွဲ(Hall) ၃ထပ်ခွဲတိုက်၏ ဒုတိယထပ်(၃-လွှာ) အကျယ်အဝန်း(၂၃ပေ x ၄၈ပေ) ရှိတိုက်ခန်း အပါအဝင် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်နွယ်စိုး ၁၄/ရကန(နိုင်)၀၈၈၈၉၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသာထွန်းအောင် ၁၂/ကမတ(ပြု)၀၀၀၇၁၅ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့် တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာဆွေ (တရားလွှတ်တော်ရှေ့နေ)**
**LL.B,DBL,CBL,WIPO(Switzerland**
**အမှတ် ၃၈၊ မြေညီ၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၃၃၇၉၊၀၉-၄၂၀၀၉၅၂၂၀**

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအနောက်ရပ်ကွက်၊ ဦးဖိုးထူးလမ်း၊ အမှတ်(၁၀)၊ ပထမထပ်(ခေါင်းရင်းခန်း) တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်နိုင်ဘွား ၁၂/ကမတ(နိုင်)၀၀၄၄၆၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသာထွန်းအောင် ၁၂/ ကမတ(ပြု)၀၀၀၇၁၅ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ဤ ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာဆွေ (တရားလွှတ်တော်ရှေ့နေ )**
**LL.B,DBL,CBL,WIPO(Switzerland)**
**အမှတ် ၃၈၊ မြေညီ၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၃၃၇၉၊ ၀၉-၄၂၀၀၉၅၂၂၀**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## နေပြည်တော်အုတ်စက်ရုံ
## တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်၊ နေပြည်တော်အုတ်စက်ရုံ၊ ပင်မစက်ရုံအဆောက်အအုံ၏ အမိုးမှ အုတ်ကြွပ်ပြားလဲလှယ်ခြင်းလုပ်ငန်းအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ (က) တင်ဒါခေါ်ယူသည့်လုပ်ငန်း - အမိုး 17,600sqft အား အုတ်ကြွပ်ပြားလဲလှယ်ခြင်း
(ခ) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၁၄- ၈ - ၂၀၂၃ရက်
(ဂ) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၅-၈-၂၀၂၃ ရက်နေ့ (၁၆: ၀၀)နာရီ
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါကရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါ သည်-

နေပြည်တော်အုတ်စက်ရုံ ၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင် ၁၆/၄၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၄၃၁ ၃၂ ၇၄၉၊ ၀၉-၄၂၀၇၁၇၆၆၄၊ ၀၉-၇၇၇၇၁၇၀၂၀

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ် အမှန်ဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရွှေဘုံသာလမ်းနေ ဦးမြင့်ဦး၏သမီး ဒေါ်အေးငြိမ်းသူ ၇/ဇကန(နိုင်)၀၅၂၃၂၄ ၏မွေးသက္ကရာဇ်အမှန်မှာ ၄-၇-၁၉၉၃ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ဟိုပန်မြို့၊ အထကကျောင်း၊ Grade-3တန်းမှ မဆောင်းသံစဉ်နှင်း၏ မိဘအမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ ဦးကြည်ဝင်း ၁၃/ဟပတ(နိုင်)၀၁၉၀၈၂ နှင့် ဒေါ်နှင်းနှင်းဝေ ၅/ရဥန(နိုင်)၀၀၇၆၆၈ ဖြစ်ပါကြောင်း။

## အမည်မှန်

လားရှိုးမြို့၊ အခြေခံပညာအထက် တန်းကျောင်း(ခွဲ) အလက(၅)၊ Grade- 5 မှ ပညာသင်ကြားနေသော ဂျေဆိုင်းမျိုးမြတ်အောင် ၏ အမည်မှန်မှာ ဂျေစိုင်းမျိုးမြတ်အောင်ဖြစ်ပြီး ဖခင် အမည်မှန်မှာ စောနေထူးဆိုင်းနော် ၁၃/ မရတ(နိုင်)၀၀၀၁၀၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက သရက်တပင်ကျောင်း Grade-12 မှ မောင်စိုင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ထိုက် ၇/မလန(နိုင်) ၁၀၀၀၈၁ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ထိုက်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက သရက်တပင်ကျောင်း Grade-11မှ မသိမ့်သိမ့်လွင်၏ ဖခင်အမည်မှန်မှာ ဦးစန်းထွန်းလွင် ၇/မလန(နိုင်) ၀၈၂၂၈၁ ဖြစ်ပါကြောင်း။

**ဦးစန်းထွန်းလွင်**

## အမည်ပြောင်း

ဦးပြည့်ဖြိုးအောင်၏သား နှစ်ဦးဖြစ်သည့် ကရင်ပြည်နယ်၊ မြဝတီမြို့၊ ပညာရွှေဖူး ကိုယ်ပိုင်မူလတန်းကျောင်း Grade- 2မှ မောင်ရှိုင်းဝေယံအား **မောင်ရှိုင်းဝေယံဖြိုး**၊ မောင်အာကာဖြိုးအား **မောင်ရှိုင်းအာကာဖြိုး** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်၊ ပိတ်စွယ်(၁)ရပ် တောင်နီလမ်းရှိ အရှေ့ (၂၆)ပေ၊ အနောက်ပေ (၂၀)၊ တောင်(၅၃)ပေ၊ မြောက်(၆၀)ပေရှိ အိမ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၃x၂)ခန်း နှစ်ထပ်အဆောက်အအုံ၊ မီးဖိုဆောင်စလစ်တွဲနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ဝယ်ယူပိုင် ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော (၁)ဦးတင်ညို(ဘ)ဦးအောင်တင့် ၉/မကန(နိုင်)၀၀၉၄၆၃နှင့် (၂) ဒေါ်နွယ်နွယ်အောင် (ဘ)ဦးအောင်ကို ၉/ပတန(နိုင်)၁၁၀၂၁၉ တို့မှ လက်ရောက်ရောင်းချမည်ဖြစ် ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက်တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက် အထားမူရင်း အပြည့်အစုံနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးရာဇာထွန်း (LL.B) အထက်တန်းရှေ့နေ ( စဉ်-၄၀၄၁၆)**
**အမှတ်-၁၅၈၊ အောင်ချမ်းသာရပ်၊ မိုးကုတ်မြို့၊**
**ဖုန်း-၀၉-၇၇၅၅၅၅၂၇၇၊ ၀၉-၂၅၉၉၈၀၃၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်းနှင့်ခိုင်ရွှေဝါလမ်းထောင့်ရှိ Royal Theikdi Condominium အဆောက်အအုံ၏ အခန်းအမှတ်(D)၊ (7)Floor၊ အကျယ်(1060 Sqft) ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဇော် ၁၂/တမန(နိုင်)၀၇၄၀၉၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးသီဟစိုးမြင့် ၇/ပတန(နိုင်)၁၀၀၀၀၉၊ ဒေါ်နန့်ယဉ်နှင်းစိုး ၁၄/ကပန(နိုင်)၁၅၁၄၀၉ တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## (သယံဇာတရေးရာဝန်ကြီးဌာန)
## ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်၊ စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကျပ်သန်း (၂၀၀)အထက် စည်ပင်သာယာရေးလုပ်ငန်း Lot (၇) ခုအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်-

| စဉ် | Lot No. | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် | အတိုင်းအတာ |
|---|---|---|---|---|
| ၁ | Lot-1 | ပြည်နယ် | တန်းလွဲရွာမစည်ပင်ရုံးအတွက် အမှိုက်သိမ်းယာဉ်တစ်စီးဝယ်ယူခြင်း (Forlamd) | (၅ တန်)၊ (၁) စီး |
| | | | ဂွမြို့စည်ပင်ရုံးအတွက် အမှိုက်သိမ်းယာဉ် (၁) စီး ဝယ်ယူခြင်း (Lifan- 5 Tons) | (၅ တန်)၊ (၁) စီး |
| | | | ငပလီမြို့အတွက် အမှိုက်သိမ်းယာဉ် (၁)စီး ဝယ်ယူခြင်း (Forland) | ၅ တန်)၊ (၁) စီး |
| | | | ရသေ့တောင်စည်ပင်အတွက် အမှိုက်သိမ်းယာဉ် (၁) စီး ဝယ်ယူခြင်း (Forland) | (၇ တန်)၊ (၁) စီး |
| | | | အမ်းစည်ပင်အတွက် အမှိုက်သိမ်းယာဉ်တစ်စီးဝယ်ယူခြင်း (Forland 4100 Engine Power) | (၇ တန်)၊(၁)စီး |
| ၂ | Lot-2 | ပြည်နယ် | ငပလီမြို့အတွက် ဂါလန် (၁၂၀၀)ဆံ့ ရေသယ်ယာဉ် (၁)စီး ဝယ်ယူခြင်း (Dongfan) | (ဂါလန် ၁၂၀၀ ဆံ့) (၁) စီး |
| | | | စစ်တွေမြို့စည်ပင်အဖွဲ့ရုံးအတွက် ရေသယ်ယာဉ် (၁)စီး ဝယ်ယူခြင်း (ဂါလန် ၁၂၀၀ ဆံ့) (Forland) | ဂါလန် (၁၂၀၀) ဆံ့၊ (၁)စီး |
| | | | မောင်တောစည်ပင်အတွက် ရေသယ်ယာဉ် (၁) စီး ဝယ်ယူခြင်း[ဂါလန် (၁၂၀၀)ဆံ့] {Dong Feng) | ဂါလံ (၁၂၀၀) ဆံ့၊ (၁)စီး |
| ၃ | Lot-4 | စစ်တွေ | ကျောင်းကြီးလမ်းရပ်ကွက်၊ ကျောင်းကြီးလမ်း (မင်းဘာကြီးလမ်းမှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်၊ ခင်းပြီးအပိုင်းထိ) ကွန်ကရစ်ခင်းခြင်းနှင့် မီးသတ်ရုံးနောက်တွင် အုတ်ရေမြောင်းဆောင်ရွက်ခြင်းလုပ်ငန်း | (၂၁၈၉'x၂၆'x၈")၊ (၃၀၀'x၃'x၂'-၆") |
| ၄ | Lot-5 | စစ်တွေ | မင်းဂံရပ်ကွက်၊ ဓမ္မလမ်း(တက္ကသိုလ်သွားလမ်း) ကွန်ကရစ်ခင်းခြင်း၊ အုတ်ရေမြောင်း ပြုလုပ်ခြင်းနှင့် Box Culvert (၉) စင်း ပြုလုပ်ခြင်းလုပ်ငန်း (အပိုင်း-၁) | (၉၇၀'x၂၄'x၈")၊ ၂(၉၇၀'x၂'-၆"x၃')၊ ၆(၂၀'x၅'x၅')၊ ၃(၂၄'x၅'x၅') |
| ၅ | Lot-6 | စစ်တွေ | မေယုလမ်း (၂၀၂၂ ၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ခင်းပြီးအပိုင်းမှ လေယာဉ်ကွင်းလမ်းဆုံအထိ) နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း | (၁၃၀၀'x၄၄'x၂'') |
| | | | လမ်းမကြီးလမ်း (နာရီစင်မှ ကျောင်းကြီးလမ်း ထိ) နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း | (၆၆၀'x၄၀'x၂'') |
| | | | လမ်းမကြီးလမ်း (၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ခင်းပြီးအပိုင်းမှ မြို့လယ်ချောင်းတံတား အထိ) နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း | (၄၈၀'x၄၀'x၂'') |
| | | | ရှူပမြောက်ရပ်ကွက်၊ ငပိန်လမ်း (လမ်းမကြီးမှမင်းဘာကြီးလမ်းထိ)နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း | (၉၅၀'x၁၈' x၂'') |
| ၆ | Lot-7 | စစ်တွေ | မင်းဂံရပ်ကွက်၊ မင်းဂံဆင်းလမ်း (မုခ်ဦးဆင်းလမ်း) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း | (၁၄၀၀'x၂၄'x၈"} |
| ၇ | Lot-8 | အမ်း | အမှိုက်ကျင်းသွားလမ်းတွင် R.C.C Box Culvert Slab(၁)ခု ပြုလုပ်ခြင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း | (၆'x၂၀'x၉'') (၄၀၀'x(၃'+၅')/၂ x၂၁') |

၂။ တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရခိုင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့၊ စစ်တွေမြို့ဖြစ်ပြီး တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသို့ လိပ်မူ၍ပေးပို့ရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းများကို (၁၁-၈-၂၀၂၃)ရက်မှ (၂၄-၈-၂၀၂၃)ရက်၊ ညနေ(၁၆:၀၀)နာရီအချိန်အထိ ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာများအား (၂၅-၈-၂၀၂၃) ရက်နေ့မှ (၃၀-၈-၂၀၂၃)ရက်၊ ညနေ(၁၆:၀၀)နာရီအချိန်နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၅။ တင်ဒါဖွင့်လှစ်မည့်ရက်အား အသိပေးအကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃ -၂၂၀၀၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊အကွက်အမှတ်(အောင်စေတနာတိုးချဲ့) ဦးပိုင်(၅၁)၊ မြေဧရိယာ(၀.၀၈၂)ဧက မြေငှား ဂရန်အမှု တွဲအမှတ် ၁၉၉-၅/၂၀၂၂-၂၀၂၃(အေ) ဦးသိန်းဇော်အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဒေါ်အိအိနွေးစိုးသို့ အထူးကိုယ်စားလှယ်လွှဲအပ်ကာ စာချုပ်အမှတ်(၆၆၊ /၂၀၂၃)ဖြင့် ဒေါ်ရွှေချည်စိုး ၁/မကန(နိုင်)၀၈၂၀၉၆သို့ ရောင်းချပေးပြီးဖြစ်ပါသဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ ရက်ပေါင်း ၂၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ အကွက်အမှတ်(၆/နမ့်ပါချီး)၊ ဦးပိုင်(၁၀၉)၊ မြေဧရိယာ(၀.၁၄၇)ဧက မြေငှား လိုင်စင်အမှုတွဲအမှတ် ၁၈၅-၅/၂၀၀၀-၂၀၀၁(စီ)ဦးမောင်မောင်စိုး အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အားစာချုပ်အမှတ် (၂၇၉၊/၂၀၂၃)ဖြင့် ဦးမျိုးအောင် ၁၃/လရန(နိုင်)၁၃၂၂၄၉သို့ ရောင်းချပေးပြီးဖြစ်ပါသဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ရက်ပေါင်း(၂၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ်(၁၁-ဃမန်ဆူဘုရားကုန်းရပ်)၊ ဦးပိုင်(၅၂)၊ မြေဧရိယာ(၀.၁၀၃)ဧက မြေငှားဂရန်အမှုတွဲအမှတ် ၃၂၄-၅/၂၀၁၈-၂၀၁၉(အေ) ဒေါ်ရှောက်စီးအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား စာချုပ်အမှတ်(၃၈၇၊ /၂၀၂၂)ဖြင့် ဒေါ်ရန်ဟွမ်ရီ ၁၃/ကခန(နိုင်)၀၅၉၉၂၁ သို့ရောင်းချပေးပြီးဖြစ်ပါသဖြင့် အမည်ပြောင်းလျှောက်ထားလာ ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ရက်ပေါင်း(၂၀)အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ရောဝတီတိုင်းဒေသကြီး အတွင်း၌ ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ နိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၁-၉-၂၀၂၃ ရက်မှ ၂၅-၉-၂၀၂၃ ရက် အထိ ရုံးချိန်တွင်း ရောင်းချပေးသွားမည်ဖြစ်ပြီးလျှောက်လွှာနှင့် Profile များကို ၁၆-၉-၂၀၂၃ ရက် မွန်းလွဲ (၁၆:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (ရောဝတီတိုင်းဒေသကြီး)ရုံး ကင်မလင်းကျွန်းလမ်းမကြီး၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသောအချက်အလက်များအား ၁၁-၉-၂၀၂၃ ရက်မှ စ၍ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (ရောဝတီတိုင်းဒေသကြီး) ရုံးဖုန်း- ၀၉-၈၉၈၂၃၂၆၅၄ နှင့် ၀၉-၄၂၀၇၀၂၇၄၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါ သည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန Thermoplastic Powder နှင့် Glass Bead များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ (ဧပြီလမှမတ်လ)ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ယာဉ်အန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် Thermoplastic Powder နှင့် Glass Bead များဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူမည်ဖြစ်ပါသဖြင့် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းခြင်းနေ့ရက် - ၁၁-၈-၂၀၂၃ရက်မှ ၂၄-၈-၂၀၂၃ရက် ထိ

(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက်နှင့်အချိန် - ၂၅-၈-၂၀၂၃ရက် (သောကြာနေ့) နံနက်(၀၉:၃၀မှ ၁၆:၃၀ထိ)

(ဂ) တင်ဒါတစ်စောင်ဈေးနှုန်း - ၁၀၀၀၀/-ကျပ်

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၄၁၀၂၁၄၂၃၊ ၀၉-၄၃၁၀၀၆၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ် (၅၅၃)၊ မြေကွက်တည်နေရာအမှတ် (၅၅၃)၊ အောင်မင်္ဂလာလမ်း၊ ၁၈/စီရပ်ကွက်၊ ဒဂုံတောင်၊ ဦးမြစိုး (HGU-၀၇၈၂၁၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမြစိုး ထံမှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-၁၇၄၅/၂၀၂၃ (၁၀-၃-၂၀၂၃)ဖြင့် မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိ မြေကွက်ကြီးအနက်မှ ခြေရင်းဘက်ခြမ်း(၂၀ပေx၆၀ပေ)အား ဝယ်ယူသူ ဒေါ်စန္ဒာထွန်း ၁၂/စခန(နိုင်)၀၅၂၄၅၆ မှ ၎င်းပိုင်ဆိုင်သော (၂၀ပေx၆၀ပေ)အား နှစ်(၆၀) ဂရန်မူရင်း၊ အရောင်း၊ အဝယ်မှတ်ပုံတင်စာချုပ်၊ အမြတ်ခွန်ပြေစာ၊ (၀င-၈)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တစ်ဖက်သတ် မြေကွက်ခွဲစိတ်ရန်အတွက် မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကျောင်းကြီး(၆)လမ်းသွယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မြေအကျယ်အဝန်း (၃၀ပေ x ၈၄ပေ)ခန့်ရှိ (မြေပိုင်မြေ)မြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့သည် ယခုလက်ရှိထားနေထိုင်ပိုင်ဆိုင်သူ ဒေါ်ရီရီခိုင် ၈/ပခက(နိုင်)၀၀၁၀၅၆ က အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့်ပိုင်ဆိုင်ထားပြီး ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပါပြီးသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်လှလှခိုင် (လိုင်စဉ်-၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၄၉၃၇၆၊ ၀၉-၅၁၄၉၇၆၃**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမေဝင့်ဝါထွေး (ဘ) ဦးကြည်ဝင်း ၉/ကပတ(နိုင်) ၂၃၀၇၂၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် ME-710363 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၇၅၄၉၂၁**

## အမည်မှန်

ရမည်းသင်းမြို့၊ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း (ဘ) ဦးကျော်ထိုက် ၏သား Grade-10 ကျောင်းသား မောင်မျိုးမင်းကို၏ အမည်မှန်မှာ မောင်ဇေယျာအောင် ဖြစ်ပါကြောင်း။

## အမည်မှန်

(ဘ) ဦးအောင်ကြည်၏ သား မင်းဘူး(စကု)မြို့နယ်၊ စကုမြို့ အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်ဘုန်းပြည့်လျှံ၏ အမည်မှန်မှာ မောင်ဘုန်းပြည့်သျှံ ၈/မဘန (နိုင်) ၁၈၅၂၇၄ ဖြစ်ပါကြောင်း။

**မောင်ဘုန်းပြည့်သျှံ**

## ပျောက်ဆုံးကြောင်း

ငါန်းဇွန်မြို့နယ်၊ ရွာသစ်ရွာနေ ဦးဇော်နိုင်ညွန့်၏သား ကိုရဲမင်းအောင် ၉/ငဇန(နိုင်)၁၂၃၆၇၆ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၆၄၅၂၀၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/29885 Honda Wave 100, M/C အား စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ N.C.X MYANMAR Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/38706 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/41037 Canda 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လဲ့လဲ့အောင် ၇/ပမန(နိုင်) ၁၅၅၁၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**


# ရွှေမိုးကောင်းကွန်ဒို မှ

မိုးရာသီ အထူးပရိုမိုးရှင်း

**(25%)** အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။
**FACILITIES** အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး
ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ
ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန်
ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉ - ၃၆၁၂၈၈၁၄၊ ၀၉ - ၂၅၄၀၃၄၈၇၁




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လှော်ကားလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၇၁)၊ မြေကွက်အမှတ်(၂၅၈၃/ခ)၊ မြေဧရိယာ (၂၀ပေx၆၀ပေ)ရှိ၊ (၁၂၀၀-စတုရန်းပေ) ရှိနှစ်(၆၀) ဂရန်မြေကွက်ပေါ်ရှိမြေအိမ်အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အေး ၁၂/ပဘတ(နိုင်)၀၂၈၅၉၄ အမည်ဖြင့် တည်ရှိပါသည်။ မြေအမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးဆန်းယု ၁၂/ဒဂတ(နိုင်)၁၀၆၇၇၃ က အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့်တရားဝင် ဝယ်ယူပိုင်ဆိုင်လာကာ ထပ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပါပြီးသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်လှလှခိုင် (လိုင်စဉ်-၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၄၉၃၇၆၊ ၀၉-၅၁၄၉၇၆၃**

## အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ပါလျှံ(၂)ရပ်ကွက်နေ ဦးအောင်မြင့် (ဘ) ဦးအောင်ခ ၉/မခန(နိုင်)၀၁၄၂၄၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်၊ ပါလျှံ(၂)ရပ်ကွက်၊ အရှေ့လားသော်- ဦးအားဆော်နေအိမ်၊ အနောက်လားသော်-ဒူးလမ်း၊ တောင်လားသော်-လမ်း၊ မြောက်လားသော်- ဦးငြိမ်းချမ်းပိုင်းမြေကွက်စသည့် အလား(၄)ရပ် အတွင်းရှိ (၄၀x၆၀)ပေ ဝိုင်းမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလပိုင်ရှင် ဒေါ်နန်းနွဲ့ဆိုသူထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူမှ တစ်ဦးတည်းအမည်ဖြင့် ၄-၇-၂၀၀၆ ရက်စွဲပါ "အိမ်ခြံမြေ အရောင်းအဝယ်သဘောတူစာချုပ်" ချုပ်ဆိုကာ လက်ရောက်ဝယ်ယူ ပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။

၄-၇-၂၀၀၆ ရက်စွဲပါ "အိမ်ခြံမြေအရောင်းအဝယ် သဘောတူစာချုပ်" မူရင်းမှာလည်း ယနေ့အချိန်ထိ ကျွန်ုပ်၏အမှုသည်လက်ဝယ်တွင် ဖြစ်ပါသည်။

ထို့ကြောင့် နေအိမ်ဝိုင်းမြေနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည် မသိဘဲ သက်ဆိုင်ရာ "လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန"တွင် မြေပုံ၊ မြေရာဇဝင် (ပုံစံ-၁၀၅ ၊ ၁၀၆) လျှောက်ထားခြင်း၊ ဂရန်လျှောက်ထားခြင်းနှင့် အမည်ပေါက်လျှောက်ထားခြင်း စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ကန့်ကွက်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည်ဆိုပါက တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်မြင့် (ဘ)ဦးအောင်ခ** | **ဦးသက်နိုင်စိုး (LL.B)** |
| **၉/မခန(နိုင်)၀၁၄၂၄၈** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၁၀၄၉၅** |

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ၂၂)**
**အင်းစိန်ခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၈၃ နှင့် ဆက်နွယ်သည့်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၃**

**ဦးဇေယျာလင်းမြင့် (ဒီကရီအနိုင်ရသူ)** နှင့် **ဦးစိန်ထွန်း (တရားရှုံး)**

အမှတ် ၃၃၊ ကန်ကြီးအောင်လမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) ဦးစိန်ထွန်း သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈၃ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်၊ (၁၃၈၅ခုနှစ်၊ ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**(ဒုတိယခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ(၄)လမ်း၊ အမှတ်(၇၆+၇၇)ဟုခေါ်တွင်သော ၂ခန်းတွဲ (၆)ထပ်တိုက်၏ (တိုက်ရှေ့မျက်နှာမူလျှင် လက်ယာဘက်)၊ တစ်မိုးအောက် ငါးလွှာ (ခြေရင်းခြမ်း) အကျယ်အဝန်း (၁၂ ပေခွဲ x ၅၄ ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံအဆိုပြုသူ ဦးဝေယံမျိုး (ဘ) ဦးမျိုးမင်းဦး ၁၂/အစန(နိုင်)၂၁၂၆၅၅ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၈)**
**အမှတ်-၁၁၆/လ၊ ကျန်စစ်သားလမ်းသွယ်၊ ၂၀ ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာပတ်လမ်း၊ အမှတ်(၁၀၂)ရှိ အကျယ်အဝန်း(၁၅x၆၀)ပေခန့်ရှိသော ၄လွှာ(ခေါင်းရင်းအခန်း)အား ဒေါ်မေသူဟန် TMF-038114မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချရန် အဆိုပြုလာပါသဖြင့် ဒေါ်နီနီဝင်း ၁၂/ဥကမ(နိုင်)၂၁၅၈၆၅မှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီပါသဖြင့် ၉-၈-၂၀၂၃ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးပြီးဖြစ်သောကြောင့် ကန့်ကွက်ရန်ရှိပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီဝင်း**
**၁၂/ဥကမ(နိုင်)၂၁၅၈၆၅**
**ဖုန်း-၀၉-၄၄၂၄၄၂၃၀၃၊ ၀၉-၉၇၀၀၀၁၉၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ ကံ့ကော်မြိုင်(၁)လမ်း၊ မြေကွက်အမှတ် (၁၃က°/၈၁)၊ မြေအကျယ်အဝန်း(၂၁/၂၀x၆၉)ပေ၊ မြေဧရိယာ ၀ ဒသမ ၀၃၂ ဧကေ၊ ဦးစိန်ဝင်း ၁၂/သဃက(နိုင်)၁၂၉၀၇၅ အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိနေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးစိန်ဝင်း ၁၂/သဃက(နိုင်)၁၂၉၀၇၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်ငြိမ်းငြိမ်းအောင် ၉/မကန(နိုင်)၁၀၂၄၂၆ မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နှင်းသဇင်အေး (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၄၅၁၆)**
**ဒေါ်ချိုသက်ဝေ (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၄၆၃၂)**
**အမှတ်(၁၅/၉၂၂)၊ ရွှေစလွယ်လမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၉၇၁၅၀၇၀၆၃၊ ၀၉-၄၂၆၅၈၇၁၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-အရှေ့)၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ် (၉၁/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးအေးရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လူနေအိမ်နှင့် ယင်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နန်းမြင့်မြင့်မိုး ၅/ဆလက(နိုင်)၀၄၀၆၇၁ မှ ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သီတာမြင့် ၇/ပမန(နိုင်)၀၀၄၃၄၄ ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဆွေစင်အိ(LL.B)(LL.M)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၉၇)**
**ဦးလင်းဘုန်းမြတ်(LL.B)(D.IP.L)(D.M.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၁)**
**ဦးသူရရဲစိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၇၃၈)**
**အမှတ်(၁၀၀)၊ ဒုတိယထပ်၊ ၄၀ါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၅၆၆၆၆၃၆၀၊ ၀၉-၇၈၅၁၉၄၉၀၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၁၆)ဟု ခေါ်တွင်သော ဧရိယာပေ (၉၀x၉၀)ရှိ မြေနှင့်ယင်းမြေတွင် ဆောက်လုပ်ထားသော ရေ+မီးစုံ (၂)ထပ်တိုက်ခံ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၁၉-က/၁၉)၊ ဒု-အလွှာတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် (၁)ဦးဖေဝင်း ၁၂/မရက(နိုင်)၁၁၀၉၉၀၊ (၂) ဇနီးဖြစ်သူ ဒေါ်တင်တင်အုန်း ၁၂/မရက(နိုင်)၁၁၂၁၀၈၊ (၃) တစ်ဦးတည်းသောသားဖြစ်သူ ဦးကျော်စွာဝင်း ၁၂/မရက(နိုင်)၀၆၇၅၈၃ တို့ (၃)ဦးတည်းသာ လက်ရှိ ပိုင်ဆိုင်နေထိုင်လျက်ရှိသော မြေ/နေအိမ်/တိုက်ခန်းများဖြစ်ပြီး မိမိတို့၏ သဘောဆန္ဒတစ်စုံတစ်ရာမရှိဘဲ တစ်ဆင့် လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ လှူဒါန်းခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဇော်ဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၁၇၁၆)**
**ဖုန်း-၀၉-၈၉၉၀၆၅၆၆၇**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8568 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

မောင်စိုးသူ ၉/မကန(နိုင်) ၁၂၂၂၇၀ ကိုင်ဆောင်သော ပတ်စ်ပို့စာအုပ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၂၉၂၆၆**

**သွေးသည် အသက်**

## IDEAXA LTD

**(ပြည်ထောင်စုမြန်မာနိုင်ငံတော် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ (၁၄၇) (က) (၂) နှင့် ဥပဒေပုဒ်မ (၁၅၂) (က)အရ)**

**အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၁၀-၈-၂၀၂၃ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ Ideaxa Ltd. အား ၁၀-၈-၂၀၂၃ရက်မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးတင်မောင်စိန် (တရားလွှတ်တော်ရှေ့နေ)(Members of MAIP No.00170)အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၁၀-၉-၂၀၂၃ ရက်နောက်ဆုံးထား၍ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်မောင်စိန် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၂၆/၂၀၁၇)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Member of MAIP No.00170)**
**အမှတ် (၂၃)၊ သီရိရောလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၇၉၅၅၃၊ ၀၉-၉၆၅၀၇၉၅၅၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရီလမ်း၊ အမှတ်(၁၂၄၃/ ၁၂၄၅)၊ အခန်း(၂၀၁)နေထိုင်သူ ဒေါ်နှင်းဝေဝေမောင် ၁၂/ဒဂတ(နိုင်)၀၃၁၁၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသီဂီလမ်း၊ အမှတ်(၅၀၉)၊ ၅လွှာ (ခြေရင်းဘက်ခြမ်း)၊ အကျယ်(၁၄x၄၈)ပေရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ် အဆင့်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်သူ ဒေါ်တင်ထွေးရီ ၁၂/သကတ(နိုင်)၀၀၄၄၈၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေသည် တိုက်ခန်းကို အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်လိုက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်အား ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မိုးလွင်(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၇၈)**
**အမှတ်(၁၁၄)၊ ပြည်ထောင်စုလမ်းမကြီး၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၀၅၆၂၆၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၈-၂၀၂၃ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၅)တွင် ပါရှိသည့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် အမှတ်(၂၆)၊ ပဉ္စမထပ် အစား အမှတ်(၂၆)၊ ပဉ္စမထပ်၊ ၆လွှာဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်နှင်းဝတ်ရည်အောင်**
**ဖုန်း-၀၉-၆၉၉၃၀၀၅၇၆**

## ပျောက်ဆုံးကြောင်း

မနွယ်နွယ်ဝင်း ၁၂/တကန(နိုင်) ၁၃၃၀၇၀ ၏ ပတ်စ်ပို့နံပါတ် M-102700 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၈၁၃၉၇**

## အမည်ပြောင်းခြင်း

ဦးအောင်တာဟန် ၁၂/မဂဒ(နိုင်) ၀၃၇၉၉၅နှင့် ဒေါ်မြစပါယ်ဒီဖိုးမင်း ၁၂/သကတ(နိုင်)၀၂၃၇၄၄ တို့၏သား ပင်လောင်းမြို့နယ်၊ အထက တီကျစ် ဒုတိယတန်း(A)မှ မောင်ဟိန်းမာန်ကိုအား မောင်မင်းသုခဟန်ဟု ခေါ်ဆိုပါရန်။

## အမည်ပြောင်း

ဦးထွန်းထွန်း ၁၂/ရကန(နိုင်) ၀၆၆၇၂၀၏ သမီး Yankin TTC (Grade-8) ၌ ပညာသင်ကြားနေသော မလင်းလက်လက်ဦးအား မလင်းလက်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလင်းလက်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် GG/2441 Nissan AD VZN412, Station Wagon(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးရန်အောင်ဖြိုး ၅/တဆန(နိုင်)၁၂၉၉၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၄၆၀၅၁ Honda Click 150 ယာဉ်လက်ဝယ်ရှိသူ JiaFa Group Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2505 Mitsubishi Fuso FS54JZ, Truck (8x4)R (T/S) ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းထွန်း ၉/နထက(နိုင်) ၀၉၄၆၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/99070 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇွန် ၉/အမဇ(နိုင်) ၀၄၁၁၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ နှင်းပုလဲကျေးရွာအုပ်စု၊ (၇)ရပ်ကွက်နေ ဦးအောင်ဖေ၏သမီး ဒေါ်နော်ထွေး ၁၀/ဘလန(နိုင်)၀၁၁၈၇၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

သထုံမြို့နယ်၊ ဇရစ်ချောင် ကျေးရွာအုပ်စု၊ လေသာကုန်း(ရှေ့)နေ ဦးယာဝမ်း (ခ)ဦးရာဝမ်း၏သား မောင်ခွန်စိုးမိုး ၁၀/သထန(နိုင်)၂၆၂၉၄၈၏ နိုင်ငံကူးလက်မှတ်အမှတ် MF-206861 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၈၈၃၇၄၁၁**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်၊ နယ်မြေ(၅)ရပ်၊ ကျောင်းဟောင်းလမ်းနေ ဦးတင်မောင်ဌေး၏ သား မောင်အောင်ဗိုလ်ဗိုလ် ၁၀/မလမ(နိုင်)၂၀၂၁၃၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၀၈၃၀၆၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၀၁)၊ ဦးပိုင်အမှတ်(၃၀)၊ ၂၅x၂၆လမ်းကြား၊ ၉၀x၉၁လမ်းကြားရှိ ဦးသောင်းလှ၊ ဒေါ်ခင်သိန်းအမည်ပေါက်ဘိုးဘမြေကွက်အား ဖခင်ဦးသောင်းလှ မိခင်ဒေါ်ခင်စိန်၊ သား ဦးကျော်မြင့်သောင်း တို့ ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီး၊ ချွေးမများဖြစ်ကြသော ဒေါ်ကြည်ကြည်အေး ၅/ကသန(နိုင်)၀၀၂၃၂၇၊ ဒေါ်ကြည်ကြည်စိုး ၅/ကသန(နိုင်)၀၄၉၁၂၃၊ ဒေါ်ကြည်ကြည်သောင်း ၉/မနတ(နိုင်)၀၈၄၈၃၁၊ ဦးအောင်ညွန့်သောင်း ၉/မနတ(နိုင်)၀၈၄၈၃၂၊ ဒေါ်တင်တင်ဝင်း ၉/မနတ(နိုင်)၀၈၄၈၅၀ တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ်(၃၂)၊ ၈၅ လမ်း၊ ၄၂လမ်းနှင့် ၄၅လမ်းကြားရှိ ဒေါ်မအမည်ပေါက် ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်မ(ခင်ပွန်း) ဦးချိန်၊ (သား)ဦးစောရွှေ (၎င်း၏ဇနီး) ဒေါ်မြရီ၊ (သား)ဦးမြတ်သူ (၎င်း၏ဇနီး)ဒေါ်တင်ရီတို့ အသီးသီး ကွယ်လွန်၍ ကျန်ရစ်သည့် မြေး ဒေါ်ခင်ဆွေ ၉/မရတ(နိုင်)၀၁၄၈၅၄၊ ဦးစိုးဝေ ၉/မရတ(နိုင်)၀၁၄၄၄၇၊ ဦးမောင်မောင်အေး ၉/မရတ(နိုင်)၀၁၄၄၅၅၊ ဒေါ်ကြွယ်ကြွယ် ၉/မရတ(နိုင်)၀၁၄၄၅၀၊ ဒေါ်အေးအေးရီ ၉/မရတ(နိုင်)၀၁၄၇၁၁၊ ဒေါ်အေးအေးကြိုင် ၉/မရတ(နိုင်)၀၂၅၀၅၈တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်စာချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာလမ်းမကြီး၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(၁/အေ)၊ RC(၁၈)ထပ် (Liftပါ) အဆောက်အအုံ၏ အခန်းအမှတ်(၀၉၀၈)၊ (၉-လွှာ) ၊ဧရိယာ (၁၂၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမောင်မြင့် ၁၂/လမန(နိုင်)၀၁၁၅၉၅ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးပြည့်ဖြိုးထွန်း ၅/ကလတ(နိုင်) ၀၈၁၇၀၇၊ ဒေါ်သူဇာဝင်း ၁၂/သဃက(နိုင်)၁၈၁၉၄၀တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဦးပြည့်ဖြိုးထွန်း၊ ဒေါ်သူဇာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ-(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၅)ရပ်ကွက်၊ စောလှဘော်လမ်း၊ အမှတ်(၃၉၃)နေ ဒေါ်ဇူလိုင်မြင့်သိန်းထွေး ၁၂/ဒဂမ (နိုင်)၀၂၈၇၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာလိုက်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇူလိုင်မြင့်သိန်းထွေး၏ဖခင်ဖြစ်သူ ဦးမြင့်သိန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သရောတန်းကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်(၁/၁၀၆)၊ ကွင်းအမှတ်(၁၀၁)ဂရန်၊ လယ်ဧရိယာ ၉ ဒသမ ၀၉၊ မြေဧကအား မူလပိုင်ရှင်ဖြစ်သူ ဦးဝင်းထံမှ (၁၉၉၂) ခုနှစ်ကတည်းက တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ဖခင်ဖြစ်သူ၏ ဦးလေးတော်စပ်သူ ဦးသောကြာအား သီးစားချထားလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ ဦးသောကြာကွယ်လွန်ပြီးနောက် ဦးသောကြာ၏ သားဖြစ်သူ ဦးထွန်းဝင်းအား ဆက်လက်၍ သီးစားလုပ်ကိုင်ခွင့်အား လုပ်ကိုင်စေခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် လယ်ယာမြေပုံစံများ စီမံချက်ဖြင့် နိုင်ငံတော်မှ လျှောက်ထားခွင့်ပြုချိန်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏ ဖခင်ဖြစ်သူဦးမြင့်သိန်းမှ ကျန်းမာရေးချို့ယွင်းလျက် ဆေးရုံတက်ရောက်ကုသနေစဉ် ဖခင်ဦးမြင့်သိန်း၏ အစ်မအရင်းဖြစ်သူ ဒေါ်တင်အုံးမှ ကျွန်ုပ်မိတ်ဆွေ၏ ဖခင်ဦးမြင့်သိန်းအား အသိပေးခြင်းမရှိဘဲ ၎င်းအမည်ဖြင့် လယ်ယာလုပ်ကိုင်ခွင့်အား လျှောက်ထားရယူသွားခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ကျွန်ုပ်မိတ်ဆွေ၏ဖခင် ကွယ်လွန်ပြီးနောက်ပိုင်းတွင် ဖခင်ဝယ်ယူပိုင်ဆိုင်ခဲ့သော လယ်မြေ ၉ ဒသမ ၀၉ ဧကအား ဒေါ်တင်အုံးမှ ၎င်းအမည်ဖြင့် လျှောက်ထားရယူခဲ့ခြင်းအား သိရှိခဲ့ရသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဒလမြို့နယ်၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အမှုဖွင့်လှစ်တိုင်ကြားရာ ယခုအခါ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရုံးတွင် နှစ်ဖက်ဖြေရှင်း ဆောင်ရွက်နေဆဲကာလဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဖခင်ဖြစ်သူ ဦးမြင့်သိန်းမှ အဆိုပါ လယ်ယာမြေအား ဝယ်ယူခဲ့သော ၁၉၉၂ ခုနှစ်ကတည်းက ယနေ့အချိန်ထိ မိသားစုဝင်များဖြစ်သော ဦးသောကြာနှင့် သားဖြစ်သူဦးထွန်းဝင်းတို့အား တစ်ဆက်တည်း သီးစားချထားခဲ့ပြီးဖြစ်ရာ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုရရှိခြင်းမရှိဘဲ အထက်ပါလယ်ယာမြေအား ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းနှင့် အခြားနည်းလမ်းတစ်စုံတစ်ရာဖြင့် ပြောင်းလဲပြုပြင်ခြင်းများ မပြုလုပ်ကြရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ဇူလိုင်မြင့်သိန်းထွေး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုအောင်(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၅၉၈၈)**
**LL.B,D.B.L,D.I.L, WIPO(Switzerland)**
**အမှတ်(၅၂၅)၊ အာသာဝတီလမ်း၊ (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၆၆၁၂၀၂၊ ၀၉-၇၉၅၆၆၁၂၀၂၊ ၀၉-၉၇၅၆၆၁၂၀၂**

## ကန့်ကွက်နိုင်ပါရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှပ်မှော်အနောက်ရပ်၊ အကွက်အမှတ်(၃၈၁)၊ ဦးပိုင်အမှတ် (၁-ခ) ဧရိယာ ၀ ဒသမ ၀၄၂၉ဧကအကျယ်အဝန်းရှိ ဒေါ်ခင်ဆွေဝင်း အမည်ပေါက်သော ဘိုးဘွားပိုင် မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူဖြစ်သော ဒေါ်ခင်ဆွေဝင်း (ဘ)ဦးရီ ၉/မနတ(နိုင်)၀၄၀၆၉၉က ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၄၂ x ၄၃ လမ်းကြား၊ ၈၉ လမ်းနေ ဒေါ်ဝင်းသန္တာခိုင် (ဘ)ဦးလှဝင်း ၅/မလန(နိုင်) ၀၂၂၆၄၂ မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသူရအောင်(LL.B)** (စဉ်- ၉၆၁၁)
**ဦးစန်းယုခိုင်(LL.B)** (စဉ်-၁၂၉၁၂)
**ဒေါ်ဇင်မာသွယ်(LL.B)** (စဉ်-၉၉၉၃)

**တရားလွှတ်တော်ရှေ့နေများ**
**၆၃လမ်း x ၆၄ကြား၊ ၃၂လမ်း x ၃၃ကြား၊ မြရတနာလမ်းသွယ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၂၆၉၉၉၉၃၃၅၊ ၀၉-၂၆၉၉၉၉၃၉၂၊ ၀၉-၇၉၇၂၀၈၇၃၅**

## ဒုတိယဗိုလ်မှူးကြီး စိုးမောင်(ငြိမ်း)
### (လေ-၁၇၅၆) စစ်တက္ကသိုလ်အပါတ်စဉ်(၁၉)
### အသက်(၆၉)နှစ်

စစ်ကိုင်းမြို့နေ (ဦးဘိုတင့်-ဒေါ်မြရင်)တို့၏သား( ဦးထွန်းတင်-ဒေါ်လှသုန်)တို့၏ သားသမက်၊ ဦးစိုးမြင့်- ဒေါ်ညွန့်စိန်( အိုင်သပြု - လေးမျက်နှာမြို့နယ်)တို့၏မောင်၊ ဦးသိန်းထွန်း-ဒေါ်ခင်သန်းနု ( အိုင်သပြု - လေးမျက်နှာမြို့နယ်)တို့၏အစ်ကို၊ ဒေါ်ဝင်းဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စွာမောင်စိုး (မြို့နယ်အုပ်ချုပ်ရေးမှူး၊ စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဗိုလ်မှူးရဲဝင်းမောင်-ဒေါ်စိုးဝတ်ရည်မောင် (ဒု-ဦးစီးမှူး၊ မိတ္ထီလာမြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန)တို့၏ ဖခင်ကြီး၊ ဒုတိယဗိုလ်မှူးကြီးစိုးမောင်(ငြိမ်း)သည် ၉-၈-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၆:၀၆ နာရီတွင် ခုတင်( ၁၀၀၀) တပ်မတော်စစ်ဆေးရုံ၊ နေပြည်တော်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၃ ရက် နံနက် ၁၀:၀၀နာရီတွင် ပုဗ္ဗသီရိမြို့နယ်၊ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုံးကြင်
### အသက်(၁၀၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၆လမ်း၊ အိမ်အမှတ် ၁၅နေ (ဦးတင့်မောင်)၏ ဇနီး၊ သားသမီး ကိုးယောက်တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏ အဘွား၊ မြစ်ခုနစ်ယောက်တို့၏ အဘွား ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီးဒေါ်အုံးကြင် အသက်(၁၀၆)နှစ်သည် ၁၀-၈-၂၀၂၃ ရက်(ကြာသပတေးနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၃ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ။

(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ပွဲစားကြီး ဦးစံလှမြင့်
### ကထိက(ငြိမ်း)၊ သမဝါယမကောလိပ်
### အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ တာငါးဆယ်တောင်ရပ်ကွက်၊ ရွှေစေတီအလယ်လမ်းနေ (ဦးရွှေလှ- ဒေါ်ချိန်)တို့၏သားကြီး၊ (ဦးအောင်သိန်း--ဒေါ်အေးသန်း)၊(ဒေါ်ဂျမ်းပုံ)တို့၏အစ်ကိုကြီး၊ ဒေါ်တင်မေထွန်း၏ခင်ပွန်း၊ ဦးစိန်လှဝင်း-ဒေါ် သီတာဝင်း၊ ဒေါ်မိုးသူဇာမြင့်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည်(၁၀-၈-၂၀၂၃)ရက် နံနက် ၆:၄၅နာရီတွင် ဟင်္သာတဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၃ရက် မွန်းလွဲ ၁ နာရီတွင် ဟင်္သာတမြို့ သင်္ဂြိုဟ်စက်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်အေးဟန်
## အသက်(၈၁)နှစ်

AIR THANLWIN LIMITED , Planning & Purchasing Department မှ ဌာနမှူး ဦးကျော်ဝေ၏ မိခင်ဖြစ်သူ ဒေါ်ခင်အေးဟန် အသက်(၈၁)နှစ်သည် ၉-၈-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board of Director နှင့် ဝန်ထမ်းများ**
**AIR THANLWIN LIMITED**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးစိုးမောင်(ငြိမ်း)
### (လေ-၁၇၅၆)
### စစ်တက္ကသိုလ်အပါတ်စဉ်(၁၉)
### အသက်(၆၉)နှစ်

စစ်ကိုင်းမြို့နေ ဒေါ်ဝင်းဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စွာမောင်စိုး (မြို့နယ်အုပ်ချုပ်ရေးမှူး၊ စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဗိုလ်မှူးရဲဝင်းမောင်-ဒေါ်စိုးဝတ်ရည်မောင် ဒုဦးစီးမှူး၊ မိတ္ထီလာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)တို့၏ ကျေးဇူးရှင် ဖခင်ကြီးသည် ၉-၈-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၆:၀၆ နာရီတွင် ခုတင်(၁၀၀၀)၊ တပ်မတော်ဆေးရုံ၊ နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းကောင်းရာသုဂတိသို့လားပါစေ**
**စစ်တက္ကသိုလ်အပါတ်စဉ် (၁၉)မှ သူငယ်ချင်းများ**

## ဒေါ်သန်းသန်းတင်
### အသက် (၉၁)နှစ်

မကွေးမြို့နေ (ဦးဖိုးကြွယ်-ဒေါ်မေ)၊ စဉ့်ကိုင်မြို့နေ (ဦးဘကန်-ဒေါ်မမလေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း၊ တိုက်-၄၄၊ အခန်း(၂)နေ (ဗိုလ်မှူးသန်းမြင့်)၏ချစ်လှစွာသောဇနီး၊ ဦးအောင်လွင်- ဒေါ်ခင်သန်းငွေ၊ ဦးလှဦး-ဒေါ်ခင်သန်းအေး၊ (ဦးသန့်ဇင်-ဒေါ်ငွေမြင့်)၊ ဦးချစ်ကိုလွင်-ဒေါ်မိုးမိုးသူ၊ ဦးအောင်နိုင်ဦး-(ဒေါ်ခင်သန်းမွှေး)၊ ဦးကိုကိုသန့်-ဒေါ်ဝင်းမာလေး၊ ဦးနေလင်း၊ ဦးသက်ကိုကိုကြီး-ဒေါ်ဥမ္မာတင်တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး(၁၀)ယောက်၊ မြစ်( ၇)ယောက်တို့၏ အဘွား ဒေါ်သန်းသန်းတင်သည် ၉-၈-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ၁၀-၈-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ မီးဒုံးလမ်း၊ တိုက် (၉၂)၊ အခန်းအမှတ်(၁) တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ကြောင်းဖြင့် ဝန်ခံ၍ရောင်းချရန် ကမ်းလှမ်းသူ ဦးဟန်စိန် ၁၂/သဃက(နိုင်)၀၁၃၀၈၇ ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဒေါ်ငုဝါအောင် ၁၂/သကတ(နိုင်)၁၆၉၉၁၃ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့သတင်းစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၄၂၄၅ )**
**တိုက်အမှတ် - (B6)၊ အခန်း (401) ၊ ရွှေကမ္ဘာအိမ်ရာ ၊ မင်းဓမ္မလမ်း ၊ မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးစိုးမောင်(ငြိမ်း)
### (ဗလ-၁၅၂၂)(လေ-၁၇၅၆)
### စစ်တက္ကသိုလ် အပတ်စဉ်(၁၉/၂၀)
### အသက်(၆၉)နှစ်

စစ်ကိုင်းမြို့နေ ဒေါ်ဝင်းဝင်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စွာမောင်စိုး (မြို့နယ်အုပ်ချုပ်ရေးမှူး၊စစ်ကိုင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဗိုလ်မှူး ရဲဝင်းမောင်-ဒေါ်စိုးဝတ်ရည်မောင်(ဒုဦးစီးမှူး၊ မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)တို့၏ကျေးဇူးရှင်မွေးသဖခင်သည် ၉-၈-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၁၆: ၀၆နာရီတွင် ခုတင်(၁၀၀၀) တပ်မတော်ဆေးရုံ၊ နေပြည်တော်၌ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အကိုကြီးကောင်းရာသုဂတိသို့လားပါစေ**
**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)မှ ညီငယ်များ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးအေးချစ်
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
### ပင်စင်ဦးစီးဌာန
### အသက်(၇၄)နှစ်

ရွှေပြည်သာမြို့နယ်၊ ၆/၁၂ရပ်ကွက်၊ မဲခေါင်လမ်း၊ အမှတ်၂၁၅(ခ)နေ (ဦးဟန်လွင်-ဒေါ်မြထွေး) တို့ ၏သား၊ ဆရာမကြီး ဒေါ်တင်တင် (အထက်တန်းပြဆရာမ၊ အထက-၁၊ ရွှေပြည်သာ၊ အထက-၂၊ အင်းစိန်၊ ရွှေပြည်သာ U.T.S) ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးညွန့်လွင်-(ဒေါ်ချိုချိုတင်)၊ဦးညွန့်သွင်၊(ဦးထွေးချစ်)-နော်ရီရီသန်း၊ ဒေါ်ဝေဝေလွင်-Rev. ဦးမောင်မောင်ချစ်တို့၏ညီ/အစ်ကိုဦးအေးချစ်သည် ၉-၈-၂၀၂၃ရက် နံနက် ၁၁:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၈-၂၀၂၃ရက် နံနက် ၁၀နာရီတွင် ရွှေပြည်သာကျူချောင်းခရစ်ယာန်ဥယျာဉ်တော်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်မြမြငွေ ၁၂/တမန(နိုင်)၀၂၆၂၂၃ ၏ သားဖြစ်သူ ဦးဟိန်းထက်အောင်(ဘ)ဦးတင်ထွေး ၁၂/တမန(နိုင်)၁၁၇၉၉၇ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ ၎င်း၏ဆန္ဒအလျောက်ပြုလုပ်သဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် မိဘပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအရပ်ရပ်တို့သည် မည်သို့မျှပတ်သက်ဆက်နွှယ်ခြင်း မရှိတော့သည့်အတွက် ထိုပစ္စည်းများကို အစပြု၍ ၎င်း၏ပြုလုပ်ဆောင်ရွက်ချက်များသည် မိဘညီအစ်ကိုမောင်နှမနှင့် မသက်ဆိုင်ကြောင်း၊ ဦးဟိန်းထက်အောင်နှင့်ပတ်သက်သည့် အကြောင်းအရာအားလုံးကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသင်းမြတ်ဆန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၈၄)**
**အမှတ်(၁၆၄/ခ)၊(၄)လမ်း၊(၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၂၇၁၁၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၇-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၅) ဒေါ်သက်သက်မွန် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅) ၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် သန်လျင်ရိပ်မွန်အိမ်ရာအစား သံလွင်ရိပ်မွန်အိမ်ရာဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ ဇီဇဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၁၀၈/က) အကျယ်အဝန်း (၁၂၀၀စတုရန်းပေ (၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေ စာရင်းတွင် ဦးမြင့်ငွေ ၁၂/သကတ(နိုင်)၀၃၄၀၇၈(TYT-၀၈၂၇၁၀)မှ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝေဝေထွန်း ၁၂/ပဘတ(နိုင်) ၀၃၆၅၄၅က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏စရန်ငွေအချို့ကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နွယ်နွယ်ဇင်(LL.B ,D.B.L)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၂၄)**
**အမှတ်(၁၃၁)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၀၀၈၉၇၊ ၀၉-၉၆၄၁၁၀၈၉၇**

## ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ရဟန်းဒါယကာကြီး
## ဦးအောင်ကျော် (လူမှုဖူလုံရေး-ငြိမ်း)
### အသက် (၇၁) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သုဓမ္မာလမ်း၊ ကျောက်ထက်ရပ်ကွက်၊ အိမ်အမှတ် (၉-A) (၆) လွှာ (B)နေ (ဦးမောင်ငယ်-ဒေါ်သန်းတင်)တို့၏သား၊ (ဦးသောင်းရှိန်-ဒေါ်တင်အေး)တို့၏ သားသမက်၊ ဦးရဲဝင့်သူ-ဒေါ်ဖွန်ဆုဝေကျော်၊ မောင်လင်းထက်အောင်ကျော် တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မသွန်းလပြည့်ဖွန်၊ မောင်ရဲဝင့်သိခ်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်မြင့်မြင့်အေး (လူမှုဖူလုံရေး-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူသည် ၁၀-၈-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၈:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၄-၈-၂၀၂၃ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် နေအိမ်မှ ကားများ နံနက် ၁၀:၀၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ အင်းဝ(၇)လမ်း၊ မြေကွက်အမှတ်(၂၇) ဟုခေါ်တွင်သော ဧရိယာပေ(၄၀x၆၀)၊ (၂၄၀၀)စတုရန်းပေအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအား ရန်ကုန်မြို့ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေယာစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းစာအုပ်တွင် ဒေါ်ခင်နန်းလှိုင် ၁၂/ဗဟန(နိုင်)၀၆၇၈၁၀ မှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး ၎င်းအမည်ပေါက်ပိုင်ရှင်ဒေါ်ခင်နန်းလှိုင် ၁၂/ဗဟန(နိုင်)၀၆၇၈၁၀ ထံမှ နှစ်(၆၀)ဂရန်မြေကွက်နှင့်ထိုမြေပေါ်ရှိ နေအိမ်အဆောက်အအုံနှင့် ပတ်သက်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချယ်ရီအေး**
**၁၂/ကမတ(နိုင်)၀၆၀၈၄၀**
**အမှတ်(၉)အေးရိပ်မွန်(၇)လမ်း၊လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၇၉၆၉၉၀၅၉၉၊ ၀၉-၇၉၉၁၅၈၀၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၉၀၆၆ ယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒထွန်း ၁၀/မဒန(နိုင်)၁၁၅၁၂၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ဆယ်သိန်းရပ်ကွက်၊ ရတနာပုံလမ်း၊ တိုက်အမှတ်(၉)၊ အခန်းအမှတ်(၃၀၅)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ချိုချိုထွန်း ၁၂/ဥကတ(နိုင်)၀၀၀၂၂၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုကြည် ၁၂/ပဘတ(နိုင်)၀၀၈၁၈၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုသူများ အနေဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၀၇)**
**အမှတ်(၃၈)၊နဝရတ်(၉)လမ်း၊(၈)ရပ်ကွက်၊သာကေတမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၄၃၄၆၅၂၈**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/82449, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/6271, Canda 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှထွန်းနိုင် ၁၄/မအပ(နိုင်) ၂၂၆၂၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၉၀၇၀၅ ယာဉ်လက်ဝယ်ရှိသူ ဦးစံဝင်း ၁၀/သဖရ(နိုင်)၀၆၉၃၅၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

❖ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူများကိုယ်တိုင်က ရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား တာဝန်ယူ၊ တာဝန်ခံပြီး အုပ်ချုပ်သည့်စနစ်ပင်ဖြစ်...

❖ ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုအတွင်း တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် အတူယှဉ်တွဲနေထိုင်ကြသည့် တိုင်းရင်းလူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာတွင် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းပင်ဖြစ်...

❖ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဟုဆိုကြရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးသွားကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## လျှပ်စစ်သုံးမော်တော်ယာဉ် ၇၉ စီး ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co.,Ltd. မှ တင်သွင်းလာသော BYD, Atto 3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၄၉ စီးနှင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော Neta V အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၃၀ စုစုပေါင်း လျှပ်စစ်သုံး မော်တော်ယာဉ် ၇၉ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ ယူ-၂၃ အသင်း ရန်ကုန်၊ ကူဝိတ် ယူ-၂၃ အသင်းတို့နှင့် ခြေစမ်းမည်

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၃ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပြည်တွင်းကလပ် ရန်ကုန်ယူနိုက်တက်အသင်း၊ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် ကူဝိတ် ယူ-၂၃ အသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဖိုက်ရှ်အွန်ဘိုင်နာက ကိုင်တွယ်နေပြီး အာဆီယံ ယူ-၂၃ ပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲ သုံးခုအတွက် တစ်ပေါင်းတည်း ပြင်ဆင်နေခြင်းဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၅* ❍

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော်ခန့်ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ✳

## ယနေ့ သတင်းအညွှန်း


မအီမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်အချို့ ရေနစ်မြုပ်မှု ဖြစ်ပွား — သဘာဝဘေး စာ ၁၂

အင်ဒိုနီးရှားနိုင်ငံ၌ လူကုန်ကူးမှုဟု သံသယရှိသူ လူပေါင်း ၉၀၀ နီးပါးကို ဖမ်းဆီး — နိုင်ငံတကာသတင်း စာ ၁၃

တရားမဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ရေနံစိမ်းနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ — ပြည်တွင်းသတင်း စာ ၁၄